မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ


# မြဝတီ နေ့စဉ်

မှန်မည်ထူးမည်၊ မြန်မည်ဦးမည် အသွင်သစ်နှင့်မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၉၆)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ ကြာသပတေးနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

## ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကဏ္ဍများတွင် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော H.E. Mr. Ngu Anh Duc သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ညှို့ဆောင်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

ဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ၏ ညှို့ဆောင်တော်၊ ဂုဏ်ပြုဆောင်ခန်းမသို့ရောက်ရှိပြီး စာမျက်နှာ ၁၆ ကော်လံ ၁ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ngu Anh Duc က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ၊ သံတမန်ဆက်ဆံမှုများ ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး



နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော H.E. Mr. Margulan Baimukhan သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ညှို့ဆောင်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ၏ ညှို့ဆောင်တော်၊ စာမျက်နှာ ၁၇ ကော်လံ ၁ ◆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Margulan Baimukhan တို့ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်စက်မှုကဏ္ဍ" ဆိုင်ရာဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြ စာ - ၁၁ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၃ ရက်)

## ကြိုတင်ပြင်ဆင်ကာကွယ် သဘာဝဘေးအန္တရာယ်

မြန်မာနိုင်ငံသည် မြစ်ချောင်းများများပြားပြီး တောင်ကုန်းများလည်းထူထပ်သည်။ သို့အတွက် မိုးရာသီရောက်ရှိလာလျှင် မိုးနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်ကိုကြုံတွေ့ရလေ့ရှိသည်မှာ နှစ်စဉ်နီးပါးပင်ဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းလျှင် ရေကြီးရေလျှံခြင်းများနှင့်ကြုံတွေ့ရသည်။ ပြည်သူများအတွက် မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနသည် အချိန်နှင့်တစ်ပြေးညီ မိုးလေဝသသတင်းများကိုထုတ်ပြန်ပေးလျက်ရှိသည်။ ကြိုတင်သတိပေးချက်များကိုလည်း ကြိုကြိုတင်တင်ထုတ်ပြန်ပေးထားသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့၏နေ့စဉ်လူမှုစီးပွားဘဝလုပ်ဆောင်နေခြင်းနှင့်အတူ မိုးလေဝသနှင့်ပတ်သက်သည့်သတင်းများကို နားစွင့်နေကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်မှာ တားဆီး၍မရနိုင်သော်လည်း ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူကြရမည်ဖြစ်သည်။ အန္တရာယ်ကျရောက်မည့်နေရာများမှ ကြိုတင်ရွှေ့ပြောင်းခြင်း၊ ကြုံတွေ့လာလျှင်လုပ်ဆောင်ရမည်များကိုလုပ်ဆောင်ခြင်း စသည်များကို သတိရှိရှိဖြင့်ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သဘာဝဘေးဆိုသည်မှာ ကမ္ဘာ့နိုင်ငံတိုင်းကြုံတွေ့နေရသည့် အန္တရာယ်ရန်စွယ်တစ်ခုဖြစ်သည်။ ကမ္ဘာ၏သည်ဖက်အခြမ်းတွင် မိုးသည်းထန်စွာရွာသွန်းနေသော်လည်း အခြားတစ်ဖက်တွင်ပူပြင်းခြောက်သွေ့ပြီး အပူချိန်လွန်ကဲခြင်းနှင့်ကြုံတွေ့နေရတတ်သည်။ အပူချိန်ပြင်းထန်လွန်း၍ သေဆုံးမှုများရှိသည်အထိ ကြုံတွေ့နေကြရသည်။

မိုးလေဝသသတင်းထုတ်ပြန်ချက်များအရ အယ်လ်နီညိုဖြစ်စဉ်များနှင့် မိုးရာသီကုန်ဆုံးသည့်အခါတွင် အစွန်းရောက်ရာသီဥတုဖြစ်စဉ်ကြောင့် အအေးလွန်ကဲခြင်းမဖြစ်ခဲ့လျှင် အပူလွန်ကဲမှုကို အထူးသတိပြု၍ ကြိုတင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ ဖြစ်ပေါ်နေသောအယ်လ်နီညိုဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ်ကုန်ဆုံးပြီးနောက် ၂၀၂၇ ခုနှစ်ကာလအထိ ကြီးကြီးမားမားသက်ရောက်မှုရှိမည်ဟုသိရှိရသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သချာပုံစံပြုမော်ဒယ်လ်ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနိုင်သည်ဟုခန့်မှန်းထားသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်နေသည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုများမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုမှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်လာမှုမှုမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်။ အယ်လ်နီညိုဖြစ်စဉ်သည် လက်ရှိကာလ အင်အားအသင့်အတင့်ရှိနေချိန်တွင် ကမ္ဘာ့အရှေ့ခြမ်း၌ မိုးရွာသွန်းမှုမှုမမှန်ခြင်းဖြစ်စဉ်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွားစေခြင်း စသည့်ဖြစ်စဉ်များဖြစ်ပေါ်လျက်ရှိသည်။

ကမ္ဘာ့အနောက်ခြမ်း ဥရောပနိုင်ငံများတွင် အပူချိန်မြင့်မားမှုကြောင့် အပူဒဏ်အန္တရာယ်ကို ပြည်သူများခံစားကြရပြီး အချို့ပြည်သူများ အသက်သေဆုံးမှုအထိဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့အရှေ့ခြမ်း အချို့နိုင်ငံများတွင် လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကို ဆိုးဆိုးရွားရွားကြုံတွေ့နေရသည်။ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များသည် လက်ရှိ၌ အင်အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင်တည်ရှိနေသည်။

ဇူလိုင်လ ၂၁ ရက် နံနက်ပိုင်းတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင်လ ၂၁ ရက် နံနက်မှ ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက ထုတ်ပြန်ပေးထားသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီးလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် အမြင့် ၉ ပေမှ ၁၁ ပေခန့်အထိရှိနိုင်သည်။ မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်သဖြင့် ကုန်းမြင့်ဒေသများတွင်နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်နှင့် အနိမ့်ပိုင်းဒေသများတွင်နေထိုင်ကြသော ပြည်သူများအနေဖြင့် ရေကြီးရေလျှံမှုသဘာဝဘေးအန္တရာယ်များကို သတိပြုကြရမည်ဖြစ်သည်။ ထို့ပြင် မိုးတိမ်တောင်များဖြစ်ပေါ်မှုကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်ကြောင်းကိုလည်း သတိပြုကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်ကာကွယ်မှုဖြင့် ရင်ဆိုင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# လူငယ်များ ကျန်းမာကြံ့ခိုင်စေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကရာတေးသင်တန်းဖွင့်လှစ်

ကျောက်ဆည် ဇူလိုင် ၂၂

လူငယ်များ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်အားကစားလူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ခရိုင်လူထုအခြေပြုဇဟိုဌာန၌ ဇူလိုင်လ ၂၂ ရက် ညနေပိုင်းတွင် ကရာတေးသင်တန်း (အခမဲ့) ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးဆောင်မှုဖြင့် သင်တန်းနည်းပြများက အခြေခံအကြောလျှော့နည်း၊ လက်သီးထိုးနည်း၊ ခြေထောက်ထိုင်နည်း၊ ကာကွယ်နည်း၊ ရိုက်ခတ်နည်း၊ ခြေကန်နည်းများ သင်ကြားပေးလျက်ရှိကြောင်းနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၇ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

ကရာတေးအားကစားပြုလုပ်ခြင်းဖြင့် အရိုးနှင့်ကြွက်သားများသန်မာစေခြင်း၊ ကာယပိုင်း၊ ဉာဏပိုင်း၊ စိတ်ပိုင်းဆိုင်ရာများဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့်ရောဂါများ ဖြစ်စေနိုင်သည့် အခွင့်အလမ်းများလျော့နည်းစေခြင်း၊ ကိုယ်အလေးချိန်ထိန်းချုပ်နိုင်သည့် နည်းလမ်းကောင်းတစ်ခုဖြစ်ပြီး နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါများ ဖြစ်ပွားခြင်းမှကာကွယ်နိုင်ခြင်း၊ အမောခံနိုင်ခြင်း၊ သက်လုံကောင်းခြင်း၊ ဦးနှောက်ကြည်လင်ခြင်း၊ ဉာဏ်ရည်ထက်မြက်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။ **စုစုအေး(ကျောက်ဆည်)**

# ကျွန်းလှမြို့နယ်၌ အစေ့ထုတ်ပြောင်း ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကျွန်းလှ ဇူလိုင် ၂၂

မြန်မာနိုင်ငံသည် ဒေသအလိုက်သီးနှံမျိုးစုံဖြစ်ထွန်းရှင်သန်စေနိုင်မည့် မတူညီသည့်ရာသီဥတု၊ မြေအမျိုးအစား၊ သဘာဝဂေဟစနစ်၊ စိုက်ပျိုးရေးအရင်းအမြစ် စသည့် စိုက်ပျိုးရေးကိုအထောက်အကူပြုသည့် အခြေခံကောင်းများ ပြည့်စုံကြွယ်ဝသောနိုင်ငံဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် အစေ့ထုတ်ပြောင်း ဧက ၈၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်သည်။

"ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်းသီးနှံကို မေလက စတင်စိုက်ပျိုးကြပါတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်းစိုက်ပျိုးဖို့ ၁၈၉၃၈ ဧကလျာထားတဲ့အနက် ၈၀၆၅ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ လျာထားချက်ပြည့်မီဖို့ ဆက်လက်စိုက်ပျိုးနေကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ပြောင်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက ဖောင်မြှောင်တောင်ပိုးကျရောက်မှုကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ အစေ့ထုတ်ပြောင်းသီးနှံကို တောင်သူများ သီးသန့်စိုက်ပျိုးကြပြီး သီးညှပ်လည်း စိုက်ပျိုးကြကြောင်း၊ အစေ့ထုတ်ပြောင်းသီးနှံသည် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းကောင်းကြောင်း၊ ပြောင်းရိုးကို ကျွဲ၊ နွားစာအဖြစ် အသုံးပြုရသည့်အတွက် တိုးချဲ့စိုက်ပျိုးကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၆:၄၀ | မေတ္တာပို့ |
| ၃။ | ၀၇:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၄။ | ၀၇:၁၀ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၅။ | ၀၇:၃၀ | မြန်မာသံစဉ် ချိုနားဝင် |
| ၆။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် |
| ၇။ | ၀၈:၃၀ | သုတရသစုံလင် ဗဟုသုတပုံပြင် |
| ၈။ | ၀၈:၄၀ | မောင်မယ်လေးများသိစေချင် |
| ၉။ | ၀၉:၂၀ | ကျန်းမာသုတ |
| ၁၀။ | ၀၉:၄၅ | ရင်မှာစွဲလမ်း တော်ဝင်ပန်း |
| ၁၁။ | ၁၀:၃၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂။ | ၁၀:၄၀ | ဆောင်းပါးပေါ်မှစာစုများ |
| ၁၃။ | ၁၁:၁၅ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၁၄။ | ၁၁:၂၅ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ |
| ၁၅။ | ၁၂:၅၀ | သီချင်းလက်ဆောင် |
| ၁၆။ | ၁၃:၁၅ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်များ |
| ၁၇။ | ၁၈:၂၅ | စိုက်ပျိုးသုတ |
| ၁၈။ | ည ၈ နာရီ သတင်း အပြီး | အမျိုးသားရေးတေးကဗျာ |
| ၁၉။ | | ပန်းပေါင်းစုံစွာ အနုပညာ |
| ၂၀။ | | အတွေးအမြင် |

မြဝတီ နေ့စဉ် the Myawady Daily

Online Newspaper

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

မောင်သက်ညွန့်ရောက်၍ သုံးရက်ခန့်ရှိလေလျှင် ဝတ်လုံကတော်သည် ခင်စိန်ကြည်နှင့်မောင်သက်ညွန့်ကို မည်သို့ပင် ကြံစည်၍ခွဲပါသော်လည်း တစ်နေ့အမှု မဟုတ်သဖြင့် မတတ်နိုင်ဘဲရှိရာ မောင်သက်ညွန့်သည် ခင်စိန်ကြည်၏အနီးမှာပင် အစဉ်ထိုင်လျက် ဖခင်သေဆုံးသဖြင့် စိတ်နှလုံးပူပန်လျက်ရှိနေရှာသည့် မိန်းကလေးတစ်ဦးကို စိတ်ပြေလက်ပျောက်ရှိပါစေတော့ဟု အောက်မေ့လေသလား၊ သို့တည်း မဟုတ် တခြားအကြံအစည်ရှိလေသလားမသိ၊ ရယ်ရွှင်ဖွယ်ကောင်းသော ပုံဝတ္ထုမှစ၍ ရန်ကုန်မြို့၊ မန္တလေးမြို့များတွင် မိမိကြည့်ခဲ့ရသည့် ဇာတ်လူပြက်တို့၏ပြက်လုံးများကို ခြေဟန်လက်ဟန်နှင့်တကွ သရုပ်ပါအောင်ပြောပြီးလျှင် မိန်းကလေးမရယ်လျှင် ရယ်အောင်လုပ်တတ်ပေ၏။

ခင်စိန်ကြည်မှာမူ အပူတွေ့နေသည့်အခါဖြစ်၍ မိမိအား အရေးတယူ ဂရုစိုက်ပြီးလျှင် ပြောဆိုပေသည်ဟု ကျေးဇူးတင်လျက်ရှိရှာ၏။ ခင်စိန်ကြည် ပန်းခြံတွင် လမ်းလျှောက်နေလျှင် မောင်သက်ညွန့်သည် နံဘေးမှကပ်လျက်၊ ဇာထိုးနေလျှင်လည်း နံဘေးမှာထိုင်လျက်၊ စာဖတ်နေလျှင်လည်း အနီးတွင် ရပ်လျက် မည်သည့်အလုပ်ကိုလုပ်နေသည်ဖြစ်စေ မောင်သက်ညွန့်သည် အစဉ်မပြတ်ကပ်လျက်ရှိရကား ဝတ်လုံကတော်သည် များစွာသဘောမကျ၊ မနာလိုစူအောင့်လျက်ရှိလေ၏။

ဝတ်လုံကတော်ကြီးမှာ မောင်သက်တင်ဆိုသည့် ငါးနှစ်သားအရွယ်ရှိ သားကလေးတစ်ယောက်ရှိလေ၏။ ၎င်းသူငယ်ကလေးသည် မိခင်ဖြစ်သူဝတ်လုံကတော်အား ဘယ်သောအခါမျှ ချစ်ခင်ခဲ့သည်မရှိရှာ၊ မိခင်လုပ်သူကလည်း သားကလေးကို အလေးမပြု၊ ဂရုမစိုက်၊ ချစ်ခင်ကြင်နာခြင်းမရှိဘဲ စိတ်တိုင်းမကျသောအခါ၌သာလျှင် ရိုက်နှက်ဖော်ရကုန်၏။

မောင်သက်တင်သည် ခင်စိန်ကြည်ကို မြင်သည့်နေ့မှစ၍ မိမိ၏မိခင်ထက် အဆများစွာပိုမို၍ချစ်ခင်ရကား ခင်စိန်ကြည်သွားရာကိုပင် နောက်က တကောက်ကောက်လိုက်လျက်နေလေ၏။ ခင်စိန်ကြည်လည်း သူငယ်ကလေးအား များစွာချစ်ခင်၍ မိမိ၌ ပါလာသောပိုးစ၊ ဖဲစကလေးများကို အင်္ကျီကလေး၊ လုံချည်ကလေးများချုပ်၍ ပေးလေ၏။

တစ်နေ့သ၌ ခင်စိန်ကြည်၊ မောင်သက်တင်နှင့် မောင်သက်ညွန့်တို့သည် ပန်းခြံတွင် လမ်းလျှောက်လျက်နေကြရာ မောင်သက်တင်ကလေးက–

"မမ ဟိုမှာလူတွေအုံလို့ ဘာလုပ်နေကြတာတုံး၊ ဟော... ဝက်ဝံကြီးပါကလား၊ မမ ကျွန်တော့်ပြစမ်းပါ၊ လာပါမမရယ်၊ ကျွန်တော်ကြည့်ချင်လွန်းလို့ပါ"ဟု ခင်စိန်ကြည်၏ လက်ကိုအတင်းဆွဲ၍ ခေါ်သွားလျှင် သုံးဦးသားတို့သည် ကုလားဝက်ဝံပွဲသို့ သွားကြလေ၏။ ထမင်းစားချိန်ရောက်သော်လည်း ဝက်ဝံပွဲမပြီးသေးသဖြင့် မောင်သက်တင်က "နေပါဦးမမရယ် ပြီးခါနီးပါပြီ၊ ခဏလေးပါ"ဟု တဖြည်းဖြည်းဆွဲထားလေ၏။

ဝတ်လုံကတော်ကမူ အိမ်၌ထမင်းပွဲခူးလျက် စောင့်နေလေ၏။ ဝက်ဝံပွဲပြီးလျှင် ခင်စိန်ကြည်သည် မောင်သက်တင်လက်ကိုဆွဲလျက်၊ မောင်သက်ညွန့်က နောက်ကကပ်လျက် ဝင်လာကြပြီး ခင်စိန်ကြည်သည် အဝတ်လဲရန် အိမ်ပေါ်သို့တက်သွားလေ၏။ မိမိအခန်းတွင်းသို့ရောက်၍ အဝတ်လဲနေသည့်အခါ မောင်သက်တင်ကလေးက ဒူးကိုဖက်၍ ဝက်ဝံကြီးအကြောင်းကို တွတ်တီးတွတ်တာပြောလျက်နေကြစဉ် ဝတ်လုံကတော်သည် အခန်းတွင်းသို့ဝင်လာပြီးလျှင်–

"ကိုယ်တို့က ဘယ်သွားနေကြသလဲ"ဟု အလွန်တရာစိတ်ဆိုးသောမျက်နှာထားနှင့် ငေါက်၍မေးရာ–

"မောင်သက်တင်က ဝက်ဝံပွဲကြည့်ချင်တယ်ဆိုလို့ လိုက်ပြနေတယ် ဒေါ်ဒေါ်ရယ်" ဟု ခင်စိန်ကြည်က ပြန်ပြောလျှင်–

"ဟော့ . . . ခင်စိန်ကြည် ညည်းက ညည်းကိုယ်ညည်း မရှက်ဘူးလားအေ၊ ညည်းကမရှက်ပေမယ့် ငါက ရှက်လှတယ်"

"ဒေါ်ဒေါ်ပြောတာ ကျွန်မနားမလည်ပါဘူး၊ ဒေါ်ဒေါ်ရယ် ကျွန်မဘာလုပ်လို့တုံး"

"တယ်... ညည်းက သူများအိမ်မှာလည်းနေသေးရဲ့၊ ကျေးဇူးရှင် ကျေးစွပ်ဆိုတဲ့စကားလို လူများအရှက်လည်း ခွဲသေးရဲ့၊ ကောင်းပါပေရဲ့အေ ညည်းလုပ်ပုံ၊ တကတဲ ထွက်သွားလိုက်ကြတာ ကြာလှပြီ၊ အခုမှ ပြန်လာကြတော့တယ်၊ ညည်းက သက်ညွန့်နဲ့ တော်ရာသွားပြီး ဘာလုပ်နေကြသတုံး၊ ဒီကောင်ကလေးရောက်လာကတည်းက သူ့ကို ထနေတာ၊ ငါက မပြောချင်လို့ကြည့်နေတာ အကောင်းမှတ်လို့" ဟု နှုတ်ခမ်းစူကာ ပြစ်တင်ပြောဆိုလေ၏။

ဤသို့ မတရားသဖြင့် စွပ်စွဲခြင်းကိုခံရလေလျှင် ခင်စိန်ကြည်သည် စစ်ကဲကြီး၏သမီးတစ်ယောက်ဖြစ်လျက် အနုပ်စုတ်ကုပ်စုတ် မျိုးမည်မသန့်သည့် မိန်းမတစ်ယောက်က ထ၍ ဝတ်လုံကတော်ဖြစ်သောကြောင့် မိမိအား ဆဲရေးတိုင်းထွာပြုလုပ်ရမလားဟု များစွာအမျက်ထွက်၍ ရှက်လည်းရှက်သည်နှင့် ထိုင်ရာမှထ၍ ဖားလျားကျလျက်ရှိသော မိမိဆံပင်ကို လက်ဖြင့်တွန်းဖယ်ပြီးလျှင်၊

"ကျွန်မ မထဘူး ဒေါ်ဒေါ်ရေ့၊ ကျွန်မတို့အမျိုးက ထတဲ့အမျိုး မဟုတ်ဘူး၊ ထတာက အပျိုများက မထဘူး၊ အအိုများကသာ ထပြီးနေတယ်၊ ထတော့ ကျွန်မ မထဘူး၊ ဒေါ်ဒေါ်က ထတာ"ဟု ပြန်၍ပြောလျှင် ဟုတ်သည်ကိုပြောလျှင် နာတတ်သည်ဆိုသည့်အတိုင်း ခင်စိန်ကြည်သည် ဟုတ်မှန်ရာကို ပြောမိလျက်ရှိသောကြောင့် ဝတ်လုံကတော်သည် ပြင်းစွာအမျက်ထွက်သဖြင့် စိတ်ကိုမချုပ်တည်းနိုင်ရကား၊

ခင်စိန်ကြည်၏ လက်ဝဲဘက်ပါးကို မိမိ၏ လက်ယာလက်ဖြင့်တစ်ချက်ချလိုက်ရာ ခင်စိန်ကြည်မှာ နာကျင်လှသည်ဖြစ်၍ ငုံ့၍အသွားတွင် လက်ဝဲလက်နှင့်လက်ယာဘက်ပါးကို တစ်ချက်ထပ်၍ ချပြန်၏။

ခင်စိန်ကြည်မှာ မိမိ၏ပါးကိုချ၍ နာကျင်သည်ထက် အချခံရလေခြင်းဟု အောက်မေ့၍ ဝမ်းနည်းခြင်းသည် သာ၍ပင်ကြီးရကား မျက်နှာကို လက်နှစ်ဖက်ဖြင့် ပိတ်ပြီး ငိုကြွေးရှာလေ၏။ အနီးတွင် မျက်လုံးပြူးပြူးမျက်ဆန်ပြူးပြူးနှင့် ကြည့်လျက်နေသော မောင်သက်တင်ကလေးမှာလည်း မိမိအား ရိုက်လိုက်ဘိသကဲ့သို့ အော်၍ငိုလေလျှင် ဝတ်လုံကတော်က …

"ဒီကလေးက ဘာဖြစ်တာတုံး" ဟု ဆိုလျက် နားရင်းကို တစ်ချက်ချလိုက်ပြီးလျှင် အခန်းပြင်သို့ ဆွဲခေါ်သွားလေ၏။

ထိုည၌ ခင်စိန်ကြည်သည် တစ်ညလုံး အိပ်၍ မပျော်ဘဲ ဤအိမ်မှ မည်သို့လွတ်နိုင်ပါအံ့နည်းဟု စဉ်းစားလျက်နေရှာ၏။ ဝတ်လုံကတော်နှင့်အတူ နေ၍လည်းမဖြစ်၊ တခြား၌လည်း နေရန်မရှိ၊ ဦးလေးသွားရာ ရေနံချောင်းသို့လိုက်သွား၍ ဦးလေးအား တိုင်ကြားလျှင်လည်း အချည်းနှီးပင်ဖြစ်မည်ဟု မကြံတတ်၊ မစည်တတ်ဖြစ်ပြီးလျှင် ထိုညအတွင်းတွင် ခင်စိန်ကြည်သည် မိမိဖခင်နှင့်အတူ သေ၍လိုက်ရလျှင် ကောင်းလေစွဟု ကြိမ်ဖန်များစွာ အောက်မေ့မိရှာလေ၏။ **ဆက်လက်ဖော်ပြပါမည်။**

---

## ယခုဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ငါးသိန်းကျော်တင်ပို့ထား



ရန်ကုန် ဇူလိုင် ၂၂

ယခုဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ငါးသိန်းကျော်တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလအတွင်း ပို့ကုန်ကုမ္ပဏီ ၄၄ ခုမှ အမေရိကန်ဒေါ်လာ ၅၁ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၆၉၅၅၉ တန်တင်ပို့နိုင်ခဲ့ပြီး မေလအတွင်း ပို့ကုန်ကုမ္ပဏီ ၄၂ ခုမှ အမေရိကန်ဒေါ်လာ ၄၂ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၃၆၂၆၂ တန် တင်ပို့နိုင်ခဲ့သည်။ ထို့ပြင် ဇွန်လအတွင်း ပို့ကုန်ကုမ္ပဏီ ၄၇ ခုမှ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၂၃၇၁၄ တန် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သုံးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ အဓိက တင်ပို့ခဲ့ခြင်းဖြစ်ပြီး ဆန်တန်ချိန် ၂၈၄၈၉၄ တန်နှင့် ဆန်ကွဲတန်ချိန် ၂၄၄၆၄၁ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် ပုဂ္ဂလိကကုမ္ပဏီများမှ တင်ပို့နေခြင်းဖြစ်ကာ လစဉ်ကုမ္ပဏီပေါင်း ၄၀ ကျော်မှ တင်ပို့ခြင်းဖြစ်သည်။

ထိုသို့တင်ပို့ရာတွင် တရုတ်၊ ဖိလစ်ပိုင် စသည့်အာရှနိုင်ငံများအပြင် ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပိုလန်၊ စပိန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ဝါဝါ

---

## ဖာပွန်မြို့နယ် ကမမောင်းရပ်ကွက်(၄)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

ဖာပွန် ဇူလိုင် ၂၂

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမမောင်းရပ်ကွက်(၄)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင်လ ၂၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ကမမောင်းရပ်ကွက်(၄)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ/မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကမမောင်းရပ်ကွက်(၄)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၀ ဦးအတွက် ငွေကျပ် သိန်း ၄၆၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုကိုစိုး(ကျေးလက်)

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လည်းလိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်းမရှိပါဘူး။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

သံမှူး၊ စစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ပိုမိုနက်ရှိုင်းသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ

**❖ နှစ်နိုင်ငံအကြား ပိုမိုနက်ရှိုင်းသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား နည်းပညာ၊ သတင်းအချက်အလက်အပါအဝင် နယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး . . .**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များကို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ထားရှိမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စရပ်များ၊ ကမ္ဘာတစ်ဝှမ်း လူသားမျိုးနွယ်အား ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်ဖောက်ကားမှုများကို တားဆီးနှိမ်နင်းလျက်ရှိမှု၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံများဖြင့် ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား နည်းပညာ၊ သတင်းအချက်အလက်အပါအဝင် နယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် ခိုလမ်တပ်နယ်(က) အသင်းနှင့် ခိုလမ်တပ်နယ်(ခ)အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါတိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၉ သင်းဖြင့် ဇူလိုင်လ ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

**၂၂-၇-၂၀၂၆ ရက်နေ့**

**ဓာတ်သတ္တု(ရွှေ)**

**ရည်ညွှန်းဈေး**

(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# သာပေါင်းမြို့နယ် ကွမ်းခြံစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေများ သတ္တမအကြိမ်ထုတ်ချေးပေး

သာပေါင်း ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွမ်းခြံစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ သတ္တမအကြိမ်ထုတ်ချေးပေးခြင်းကို ဇူလိုင်လ ၂၂ ရက်တွင် ဆောင်ရွက်သည်။


ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်နွယ်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကွမ်းခြံစုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၈၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကွမ်းခြံစုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးအတွက် ငွေကျပ်သိန်း ၂၄၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးအတွက် ငွေကျပ် ၅၈ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးအတွက် ငွေကျပ် ၁၄၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးအတွက် ငွေကျပ်သိန်း ၄၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၈၅ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွံ့ယဉ်

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၆.၃°C |
| မန္တလေး | ၃၆°C |
| ကျောက်ဆည်(လွန်ကျော်) | ၃၆°C |
| မုံရွာ | ၃၅.၅°C |
| ရွှေဘို | ၃၅°C |
| မြင်းမူ | ၃၅°C |
| မိုင်းယန်း | ၃၅°C |
| ကျောက်ဆည် | ၃၄.၈°C |
| ရေဦး | ၃၄.၈°C |
| ကော့သောင်း | ၃၄.၇°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| နေပြည်တော်(ဥတ္တရသီရိ) | (၃.၉၈)လက်မ |
| နေပြည်တော်(ဇေယျာသီရိ) | (၃.၉၄)လက်မ |
| ကျောက်ဖြူ | (၃.၈၄)လက်မ |
| မချမ်းဘော | (၃.၃၉)လက်မ |
| သပိတ်ကျင်း | (၃.၃၅)လက်မ |
| စစ်တွေ | (၃.၁၉)လက်မ |
| လှိုင်လင် | (၂.၅၂)လက်မ |
| ကျိုက်လတ် | (၂.၅၀)လက်မ |
| နေပြည်တော်(ဇမ္ဗူသီရိ) | (၂.၄၀)လက်မ |
| နေပြည်တော်(ဒက္ခိဏသီရိ) | (၂.၃၇)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၅ | ၃၄ |
| ရှမ်း(မြောက်) | ၂၁ | ၃၀ |
| ရှမ်း(အရှေ့) | ၂၀ | ၃၂ |
| ရှမ်း(တောင်) | ၁၇ | ၂၃ |
| ချင်း | ၁၅ | ၂၂ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၃ |
| စစ်ကိုင်း(အောက်) | ၂၄ | ၃၄ |
| နေပြည်တော် | ၂၃ | ၂၉ |
| မန္တလေး | ၂၆ | ၃၇ |
| မကွေး | ၂၄ | ၃၃ |
| ရခိုင် | ၂၃ | ၂၉ |
| ပဲခူး | ၂၂ | ၃၁ |
| ရန်ကုန် | ၂၃ | ၃၁ |
| ဧရာဝတီ | ၂၃ | ၃၁ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၁ | ၃၀ |
| မွန် | ၂၃ | ၃၀ |
| တနင်္သာရီ | ၂၆ | ၃၄ |

# ဆိပ်ဖြူမြို့နယ်၌ အခြေခံပညာနှင့် စက်မှု စိုက်ပျိုး မွေးမြူရေးအထက်တန်း ကျောင်းများသို့ တက်ရောက်ပညာသင်ကြားနိုင်ရေး အသိပညာပေး



ဆိပ်ဖြူ ဇူလိုင် ၂၂

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍနှင့် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပါအဝင် ဘက်စုံပညာရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရက ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ဖွင့်လှစ်ပေးပြီး တက်ရောက်သင်ကြားနိုင်စေရန် အသိပညာပေးရှင်းလင်းခြင်းကို ဇူလိုင်လ ၂၁ ရက်က မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဆိပ်ဖြူမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ Grade-8၊ Grade-9 ၊ Grade-10 ကျောင်းသား၊ ကျောင်းသူများ၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်နှင်းယုက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေများ၊ တက်ရောက် ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများနှင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန္ဒာလှိုင်နှင့် တာဝန်ရှိသူများက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ တက်ရောက်ခြင်းဖြင့် ဆက်လက်ပညာသင်ကြားနိုင်သည့် ပညာရေးအခွင့်အလမ်းများနှင့် လူမှုစီးပွားဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းအသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

ကိုဗွဲ (အညာမြေ)

# တာမွေမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အသိပညာပေးဟောပြောခြင်းနှင့် စာအုပ်စာစောင်ပြသခြင်းများဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၂

မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စာဖတ်သည့်အလေ့အထ မြင့်မားလာစေရန်ရည်ရွယ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အသိပညာပေးဟောပြောခြင်းနှင့် စာအုပ်စာစောင်ပြသခြင်းများကို ဇူလိုင်လ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အမှတ်(၃၄) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ တာမွေမြို့နယ် အမှတ်(၃၄) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းတာဝန်ခံဆရာမက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေး ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ အခြေခံပညာမူလတန်းအဆင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကိုပြုလုပ်ရာ တာမွေမြို့နယ် အမှတ်(၃၄) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အားပါးတရပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများသည် ခန်းမအတွင်းခင်းကျင်းပြသထားသော လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အခမ်းအနားသို့ တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တာမွေမြို့နယ် အမှတ်(၃၄) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းတာဝန်ခံဆရာမနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

ထက်တံခွန်(ပြန်/ဆက်)

# ကသာမြို့နယ်၌ ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကသာ ဇူလိုင် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်အတွင်း ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၂၂ ရက်တွင် ကသာမြို့ ပတ္တမြားရပ်ကွက် ခရိုင်မီးသတ်ဦးစီးဌာနရုံးအနီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်သစ်တောဦးစီးဌာန တာဝန်ခံတောအုပ်ကြီး ဦးဘိုသိန်းက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများပျက်စီးပြုန်းတီးမှုမရှိစေရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောပြုန်းတီးမှုများ ကာကွယ်နိုင်ရေးတို့အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ သစ်တောသစ်ပင်များကို ချစ်မြတ်နိုးသူများအနေဖြင့် သစ်ပင်များကိုစိုက်ပျိုးလိုပါက သစ်တောဦးစီးဌာနနှင့်ဆက်သွယ်၍ ပျိုးပင်များကို လာရောက်ယူဆောင်စိုက်ပျိုးနိုင်ကြောင်း ပြောကြားသည်။



ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်နှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက မြို့နယ်သစ်တောဦးစီးဌာနမှ ပေးအပ်သော ကျွန်းပင် ၁၀၀၊ ကံ့ကော် ၂၂၉ ပင်၊ ခရေ ၂၇၇ ပင်၊ ပျဉ်းကတိုးပင် ၇၀၀၊ မဟော်ဂနီ ၃၀၈ ပင် စုစုပေါင်းပျိုးပင် ၁၆၀၀ ကျော်ကို တပျော်တပါး တက်ကြွစွာ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ကျော်စွာ(ကသာ)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကျင်းပ




တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၂၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ကုန်ဈေးနှုန်းကျဆင်းရေး၊ လမ်းအဆင့်မြှင့်တင်တည်ဆောက်ပေးရေး၊ နယ်စပ်ဂိတ်ဖွင့်လှစ်ပေးနိုင်ရေး၊ လျှပ်စစ်တိုးတက်ရရှိရေး၊ ကျေးရွာဂရန်ရရှိရေးနှင့်ရပ်ကွက်သတ်မှတ်ပေးရေး၊ ပြည်သူ့စစ်မှုထမ်းခေါ်ယူမှုကြပ်မတ်ပေးနိုင်ရေး၊ စစ်ဆေးရေးဂိတ်များ လျှော့ချပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှဦးတင့်ဝေ၏**ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးမည်သို့ဆောင်ရွက်မည်ကိုသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာနိုင်ငံရှိပြည်သူများ နေ့စဉ်စားသုံးနေသည့် အခြေခံစားသောက်ကုန်ပစ္စည်းများ၏ကုန်ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးတို့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်ပြည်တွင်းဆန်စားသုံးမှုဖူလုံစေရေး၊ ပြည်ပသို့ စနစ်တကျ တင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေး ဆန်၊ စပါးအခြေခံရည်ညွှန်းဈေးနှုန်းများကို အခါအားလျော်စွာ ထုတ်ပြန်ခြင်းတို့ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်စေရန်တိုင်းဒေသကြီး၊ပြည်နယ်စားသုံးဆီဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များက ဈေးနှုန်းသတ်မှတ်ပေးလျက် ရောင်းချစေလျက်ရှိပါကြောင်း။

စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကို လျှော့ချနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအသုံးပြုလျက်ရှိသည့် ဒီဇယ်ဆီကုန်ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုမရှိစေရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ၏ ဈေးနှုန်းကျဆင်းစေရေးအတွက် အထောက်အကူဖြစ်စေရန် ဓာတ်မြေဩဇာတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပြုထားပါကြောင်း၊စားသောက်ကုန်ပစ္စည်းများကုန်ဈေးနှုန်းကျဆင်းရေးနှင့်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ နိုင်ငံတော်အစိုးရ၏လုပ်ငန်းစဉ်တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ် ကာလိမြို့ နမ့်လန်-ခမ်းယုံး- မွေတော်ဟိုလင်းဘုရားလမ်းမကြီးအား ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ကွန်ဟိန်းမြို့နယ် ကာလိမြို့ တာကော်ကျေးရွာအုပ်စုရှိနမ့်လန်-ခမ်းယုံး-မွေတော်ဟိုလင်းဘုရားလမ်းအား လက်ရှိတွင် ရာသီမရွေးသွားလာနိုင်မည့် ကွန်ကရစ်လမ်းဆောင်ရွက်ပေးနိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာနကစိစစ်ခဲ့ရာ နမ့်လန်-ခမ်းယုံး ၇/၇ မိုင် လမ်းပိုင်းသည် လမ်းအကျယ် ပေ ၃၀ ရှိပြီး ခမ်းယုံး-မွေတော်ဟိုလင်းဘုရားထိ ၇/၆ မိုင်မှာ လမ်းအကျယ် ၁၅ ပေသာရှိသည့်အတွက် လက်ရှိတွင် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်ငယ်များသာ သွားလာအသုံးပြုလျက်ရှိပါကြောင်း၊ တောင်ပေါ်ဒေသဖြစ်၍ အတက်/အဆင်းများပြားခြင်း၊ လမ်းဘေးရေနုတ်မြောင်းများမရှိခြင်းတို့ကြောင့် မိုးတွင်းကာလတောင်ကျရေတိုက်စား၍ လမ်းသားပျက်စီးမှုများဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူများဆက်သွယ်သွားလာအသုံးပြုရန် ခက်ခဲလျက်ရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

ယခင်ကာလများက နယ်မြေလုံခြုံရေးကန့်သတ်ခြင်းများရှိသည့်အတွက်ကြောင့် လမ်းအဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိခဲ့သော်လည်း လက်ရှိတွင် ဒေသခံပြည်သူများ လမ်းအသုံးပြုမှုများပြားလာခြင်းကြောင့် ကွန်ကရစ်လမ်းအစား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်၍ရနိုင်ပါကြောင်း။

သို့ဖြစ်၍ နမ့်လန် - ခမ်းယုံး -မွေတော်ဟိုလင်းဘုရားလမ်း ၁၅/၅ မိုင်အား ကွန်ကရစ်လမ်း/ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လာမည့်ဘဏ္ဍာရေးနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုသို့မဟုတ်ပြည်နယ်အစိုးရရန်ပုံငွေတို့မှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး အပိုင်းလိုက်လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ (ခ) စိုင်းဆေဟန်၏ **လင်းခေးခရိုင် ဟိုမိန်းမြို့ နားမွန်းလုံနယ်စပ်ဂိတ်ကို တရားဝင်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက လင်းခေးမြို့နယ် ဟိုမိန်းမြို့ မြောက်ဘက်တွင် သံလွင်မြစ်နှင့် အရှေ့ဘက်တွင် မိုင်းတုံခရိုင်၊ တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကယားပြည်နယ်၊ မောက်မယ်မြို့နယ်တို့နှင့်နယ်နိမိတ်ထိစပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများအကြား နယ်စပ်ဂိတ်ဖွင့်လှစ်မည့်နေရာသည် နယ်နိမိတ်တိုင်းတာရေးကိစ္စရှင်းလင်းအတည်ပြုပြီးဖြစ်ရန်နှင့် လူဝင်/လူထွက်ဂိတ် သတ်မှတ်ဖွင့်လှစ်နိုင်ရေးနှစ်နိုင်ငံသဘောတူညီမှုရရှိထားပြီးဖြစ်ရန် အဓိကလိုအပ်မည်ဖြစ်ပါကြောင်း၊ နယ်စပ်ဂိတ်ဖွင့်လှစ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များတောင်းခံရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုခွင့်ပြုချက်ရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဟိုမိန်းဒေသရှိနားမွန်းလုံနယ်စပ်ဂိတ်ကို တရားဝင်နယ်စပ်ဂိတ်အဖြစ် ဖွင့်လှစ်နိုင်ရေးအတွက် ဦးစွာတစ်ဖက်ထိုင်းနိုင်ငံနှင့် သဘောတူညီမှုရရှိရေးညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး နယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များအား ရှင်းလင်းပြီးပြတ်အောင် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဟိုမိန်းမြို့ နားမွန်းလုံနယ်စပ်ဂိတ် လက်ရှိအခြေအနေအရ “နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိခြင်း၊ ဒေသတွင်းလုံခြုံငြိမ်းချမ်းမှုရှိခြင်း” အချက်အလက်များနှင့် ကိုက်ညီမှုရှိပါကြောင်း၊ သို့သော် နှစ်နိုင်ငံနယ်နိမိတ်စနစ်တကျတိုင်းတာသတ်မှတ်ရန် ကျန်ရှိနေသောနေရာဖြစ်သည့်အတွက်နောင်တစ်ချိန်နယ်စပ်ပြန်လည်တိုင်းတာရာတွင် ရည်ညွှန်းကိုးကားရမည့်မြေပြင်ပထဝီအနေအထားများပျက်ယွင်းမှုမရှိစေရေးနှင့် နယ်စပ်ဂိတ်ဖွင့်လှစ်ခြင်းမပြုမီ နှစ်နိုင်ငံမြေတိုင်းကျွမ်းကျင်ပညာရှင်များက မြေပြင်အခြေအနေကို ပူးတွဲကွင်းဆင်းစစ်ဆေးခြင်း၊ ပထဝီအနေအထားများကို မှတ်တမ်းတင်ခြင်း၊ ယာယီနယ်နိမိတ်ကြောင်း သတ်မှတ်ခြင်းစသည့်လုပ်ငန်းစဉ်များ ဦးစွာဆောင်ရွက်ခြင်းမပြုဘဲ နယ်စပ်ဂိတ်ဖွင့်လှစ်မည်ဆိုပါက မိမိနိုင်ငံအတွက် နစ်နာမှုများဖြစ်ပေါ်လာနိုင်သဖြင့် နယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များ ပြီးပြတ်မှသာ ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ လျှပ်စစ်စွမ်းအင်ကဏ္ဍမည်မျှပါဝင်သည်၊ မည်သည့်လုပ်ငန်းများတွင် ဆောင်ရွက်မည့်နောက်နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လျှပ်စစ်ကဏ္ဍမည်သို့ဆောင်ရွက်သွားမည်၊ ပြည်ပနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ဆဲ၊ ရှေ့ဆောင်ရွက်မည့်အစီအစဉ်များကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၌ ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံ၍ အလယ်ပေါင်းလောင်း၊ ရွှေလီ(၃)၊ အထက်ရဲရွာ၊ သူဌေးနှင့် အထက်ကျိုင်းတောင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါရေအားလျှပ်စစ်စီမံကိန်းများတည်ဆောက်ပြီးစီးရန်လိုအပ်သော ဘဏ္ဍာရန်ပုံငွေကို နောင်ဘဏ္ဍာရေးနှစ်များတွင်ဆက်လက်တောင်းခံ၍ နယ်မြေအခြေအနေအရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်အား လျှော့ချနိုင်ရန် အလယ်ပေါင်းလောင်းစီမံကိန်းအား တရုတ်ကုမ္ပဏီနှင့် မြန်မာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ရန် Notice to Proceed ကို ထုတ်ပေးခဲ့ပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုပါဝင်ဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေလီ(၃)စီမံကိန်းကိုလည်း နယ်မြေအခြေအနေအပေါ်မူတည်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်စသည့် ပြန်ပြည့်မြဲစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့်တည်ဆောက်နိုင်ရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

လျှပ်စစ်ဓာတ်အားပို့လွှတ်မှုအပိုင်းတွင် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၅၀၀ ကေဗွီစနစ် စီမံကိန်းလုပ်ငန်းတစ်ခု၊ ၂၃၀ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း ၁၉ ခု၊ ၁၃၂ ကေဗွီစနစ် စီမံကိန်းလုပ်ငန်းနှစ်ခုနှင့် ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်းရှစ်ခုတို့ကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းလုပ်ငန်းများတည်ဆောက်ပြီးစီးရန်လိုအပ်သောဘဏ္ဍာရန်ပုံငွေကို နောင်ဘဏ္ဍာရေးနှစ်များတွင် ဆက်လက်တောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံပြီး ၆၆ ကေဗွီစနစ်စီမံကိန်းလုပ်ငန်းရှစ်ခုနှင့် ၃၃ ကေဗွီစနစ်လုပ်ငန်းခုနစ်ခု၊ မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ၆၆ ကေဗွီစနစ်စီမံကိန်းလုပ်ငန်းလေးခု၊၃၃ ကေဗွီစနစ်လုပ်ငန်း ၁၈ ခုနှင့် ၁၁ ကေဗွီစနစ်လုပ်ငန်း ၁၂ ခု၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်းကိုးခုနှင့် ၃၃ ကေဗွီစနစ်လုပ်ငန်း ၂၇ ခုတို့ကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ချေးငွေ၊ ထောက်ပံ့ငွေ၊ နည်းပညာအကူအညီရယူထားမှုနှင့်ပတ်သက်၍ ပြန်လည်ပေးဆပ်နေဆဲ စီမံကိန်းလုပ်ငန်း ၁၅ ခု၊ နိုင်ငံခြားချေးငွေ(Loan) ဖြင့် ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်း ၂၁ ခုနှင့် နိုင်ငံခြားချေးငွေ(Loan) ဖြင့်ဆောင်ရွက်ရန် အဆိုပြုစီမံကိန်းများတွင် စီမံကိန်းလုပ်ငန်း ၁၅ ခုတို့သည် ယခင် ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်အထိ တာဝန်ယူခဲ့သော အစိုးရလက်ထက်စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုဖြစ်ပြီး ယခုလက်ရှိအခြေအနေတွင် ဆောင်ရွက်ပြီးစီး၍ ချေးငွေပေးဆပ်ပြီး ကိုးခု၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီး၍ချေးငွေပေးဆပ်ဆဲ ၂၁ ခု၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ဆဲ ရှစ်ခု၊ ချေးငွေအဆိုပြုခဲ့သော်လည်း ရရှိခဲ့ခြင်းမရှိသော စီမံကိန်းလုပ်ငန်း ၁၃ ခုတို့ဖြစ်ပါကြောင်း ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်နော်၏ **မောက်မယ်မြို့နယ် ဟိုနမ့်နှင့် ပန်းတန်ကျေးရွာအုပ်စုတို့တွင် လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးနှင့် မည်သို့ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ် မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း ၃၈ ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ထရန်စဖော်မာတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုရန်ပုံငွေတွင်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရ၏

**စာမျက်နှာ ၈ သို့** ❐

❐ **စာမျက်နှာ ၇ မှအဆက်**

ငွေလုံးငွေရင်းရန်ပုံငွေတွင် လည်းကောင်း နှစ်အလိုက် ထည့်သွင်းလျာထား၍ ဘဏ္ဍာငွေရရှိမှုအရ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး၏ **ကြံခင်းမြို့နယ် ဘက်ရဲမြို့တွင် 66/11 KV ဓာတ်အားခွဲရုံတစ်ခုကို မည်သည့်အချိန်တွင် စတင်တည်ဆောက်ပြီး မည်မျှကြာမည်ဖြစ်ကြောင်းနှင့်မည်သည့်အချိန်တွင် လျှပ်စစ်ဓာတ်အားပြည့်ပြည့်ဝဝသုံးရမည်ကိုသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ အနီးပတ်ဝန်းကျင်ကျေးရွာများနှင့်ကျန်ပတ်ဝန်းကျင်ကျေးရွာ ၆၀ ကို ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆ ကေဗွီ ဥသျှစ်ပင်-မြန်အောင် ဓာတ်အားလိုင်းမှ ၆၆ ကေဗွီ ၂ ထပ်ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင်နှင့် ဘက်ရဲမြို့တွင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဓာတ်အားခွဲရုံပစ္စည်းဝယ်ယူခြင်းအား ဆောင်ရွက်ထားပြီးဖြစ်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဓာတ်အားခွဲရုံတည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါသဖြင့် ဘက်ရဲဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးပါက ဘက်ရဲမြို့နှင့်အနီးပတ်ဝန်းကျင်ကျေးရွာများအား ဘက်ရဲဓာတ်အားခွဲရုံမှဓာတ်အားကို ဗို့အားပြည့်ဝနိုင်နင်းစွာဖြင့် ဓာတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **တွံတေးမြို့နယ် ဘုရင့်နောင်နှင့်မြသီတာရပ်ကွက်တို့အား မြေငှားဂရန်ရရှိရေး ကွင်းဆင်းဆောင်ရွက်ပေးခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တွံတေးမြို့နယ် အရပ်ခေါ် ဘုရင့်နောင်ရပ်ကွက်သည် ၁၉၉၀-၁၉၉၁ ခုနှစ်တွင် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် ဥယျာဉ်မြေမျိုးပေါ်တွင် အကွက်များဖော်ထုတ်ပြီး မြေပေးမိန့်(ပါမစ်)ချထားပေးခဲ့သည့် မြေနေရာများဖြစ်ပါကြောင်း၊ အဆိုပါမြေနေရာအား မြေငှားဂရန်ရရှိရေးဆောင်ရွက်မည်ဆိုလျှင် ဘုရင့်နောင်ရပ်ကွက်အဖြစ်တည်ရှိသည့် တလုတ္တော်ကျေးရွာအုပ်စုတွင် ပါဝင်သော ၂၃ ဒသမ ၁၈ ဧကနှင့် ရှမ်းစုကျေးရွာအုပ်စုတွင်ပါဝင်သည့် ၁ ဒသမ ၁၂ ဧကတို့ကိုထုတ်နုတ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသော ရွှေဆံတော်ရပ်ကွက်အတွင်း ထည့်သွင်းနိုင်ရေး သို့မဟုတ် ဘုရင့်နောင်ရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြပြီး ခွင့်ပြုချက်ရယူခြင်း၊ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများဖြစ်သည့် ကွက်ကျဲ၊ ကွက်စိပ်တိုင်းတာခြင်းများဆောင်ရွက်ကာ မြို့မြေပိုင်ဆိုင်မှုစာရင်းကောက်ယူပြီး မြို့ကွက်မြေပုံအဖြစ် အသုံးပြုခွင့်ရရှိပြီးပါက မြေငှားဂရန်ရရှိရေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မြသီတာရပ်ကွက်သည် မြို့ပေါ်ရပ်ကွက်အနေဖြင့် ပါဝင်ခြင်းမရှိဘဲ တလုတ္တော်ကျေးရွာအုပ်စုအတွင်းပါဝင်ပြီး အရပ်ခေါ်အနေဖြင့်မြသီတာရပ်ကွက်ဟု ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ပေးထားမှုမရှိခြင်း၊ မြို့နယ်စည်ပင်သာယာနယ်နိမိတ်အတွင်းလည်း ပါဝင်မှုမရှိဘဲ တလုတ္တော်ကျေးရွာအုပ်စုအတွင်း တည်ရှိနေပါကြောင်း။

မြသီတာရပ်ကွက်အဖြစ်တည်ရှိသည့် တလုတ္တော်ကျေးရွာအုပ်စုမှ ၄၈ ဒသမ ၄၆ ဧကအား ထုတ်နုတ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှအမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော ကွမ်းခြံရပ်ကွက်အတွင်းသို့ ထည့်သွင်းနိုင်ရေး သို့မဟုတ် မြသီတာရပ်ကွက်အဖြစ်တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံ တင်ပြခွင့်ပြုချက်ရယူခြင်း၊ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများဖြစ်သည့် ကွက်ကျဲ၊ ကွက်စိပ်တိုင်းတာခြင်းများဆောင်ရွက်၍ မြို့မြေပိုင်ဆိုင်မှုစာရင်းကောက်ယူပြီး မြို့ကွက်မြေပုံအဖြစ်အသုံးပြုခွင့်ရရှိပြီးပါက မြေငှားဂရန်ရရှိရေး ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ဒလမြို့နယ် ကျေးရွာအုပ်စု ၂၃ အုပ်စုရှိရွာမြေများကို မြေငှားဂရန်ထုတ်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တွံတေးခရိုင် ဒလမြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာ ၅၄ ရွာရှိသည့်အနက် ညောင်ငုတ်တိုကျေးရွာအုပ်စု ညောင်ငုတ်တိုကျေးရွာအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန် ဆောင်ရွက်ပေးခဲ့ပြီး ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သပြေကုန်းကျေးရွာအုပ်စု သပြေကုန်းကျေးရွာအား ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျန်ကျေးရွာအုပ်စု ၂၃ အုပ်စုရှိရွာမြေများမှ ပြည်သူများအတွက် ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းများပြုလုပ်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိများ ခန့်ထားဆောင်ရွက်နိုင်ရန် ခွင့်ပြုမိန့်များ တင်ပြထားမှုမရှိခြင်း၊ မြေတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ယခုဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားမှုမရှိခြင်းတို့ကြောင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **မြစ်သားမြို့နယ်မှ ကျေးရွာ ၇ ရွာအားတရားဝင်အသိအမှတ်ပြု ကျေးရွာခွဲများအဖြစ်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြစ်သားမြို့နယ်မှ ကျေးရွာ ၇ ရွာအနက် ဥယျာဉ်ကျေးရွာဧရိယာ ၇ ဒသမ ၈၂ ဧကမြေသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (လွန်ကျော်)၏ လုပ်သားရွာနှင့်ဝန်ထမ်းအိမ်ရာမြေအဖြစ် အခြားနည်းအသုံးပြုခွင့်ရရှိထားသော မြေဧရိယာအတွင်း ပါဝင်နေပါကြောင်း၊ သို့ဖြစ်ပါ၍ ဥယျာဉ်ကျေးရွာမြေနေရာအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ခြင်းမရှိသည်ကို သဘောထားရရှိပြီးဖြစ်ပါကြောင်း။

ကျေးရွာများ စနစ်တကျဖွဲ့စည်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာကျေးရွာများမှ အဆင့်ဆင့်တင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ခံ၍ နိုင်ငံတော်သမ္မတထံ ခွင့်ပြုချက်ရရှိရေး တင်ပြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ရရှိပါက အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ်သတ်မှတ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှအမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် ဆောင်ရွက်နိုင်ရေး မြို့၊ ကျေးရွာတိုးချဲ့ဖွဲ့စည်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြရမည်ဖြစ်ပါကြောင်း။

မြစ်သားမြို့နယ်အတွင်းရှိကျေးရွာ ၇ ရွာအနက်ဥယျာဉ်ကျေးရွာမှလွဲ၍ ကျန်ကျေးရွာ ၆ ရွာအား ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကျေးရွာအုပ်စု/ကျေးရွာများအား တိုးချဲ့/ပယ်ဖျက်/အမည်ပြောင်းပြင်ဆင်ဖွဲ့စည်းခြင်းလုပ်ငန်းဆောင်ရွက်ရမည့်အချက် ၁၆ ချက်နှင့်ကိုက်ညီမှုမရှိသည့်အတွက် ဖော်ပြပါဥပဒေ/လုပ်ထုံးလုပ်နည်းများတွင် အဆင့်အလိုက်အချိန်ယူ၍ ဆောင်ရွက်ရမည့်ကိစ္စဖြစ်သဖြင့် လတ်တလောဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့နှင့် တစ်ဆက်တည်းရှိသော ကျေးရွာများအား ရပ်ကွက်များအဖြစ် တိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ရွှေတောင်မြို့နယ်သည် သရက်တောရပ်ကွက် ကြာနီကန်ရပ်ကွက်နှင့်ယွန်းတန်းရပ်ကွက် ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာ ၂၉၇ ရွာဖြင့် ဖွဲ့စည်းထားရှိပါကြောင်း၊ မင်းတဲကျွန်းကျေးရွာသည် ယွန်းတန်းရပ်ကွက်အတွင်းရှိလယ်မြေ ၁၃ ဒသမ ၇၅ ဧကကို မင်းတဲကျွန်းကျေးရွာဟုလည်းကောင်း၊ လယ်မြေ ၇ ဒသမ ၈၆ ဧကကို စစ်ကိုင်းကျွန်းကျေးရွာဟုလည်းကောင်း ပြောင်းရွှေ့နေရာချထားပေးပြီး ရပ်ကွက်အတွင်းတည်ရှိသည့်အတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေပုဒ်မ ၃၀(က)နှင့်အညီ လယ်မြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရန် ခွင့်ပြုမိန့်ရရှိရေး လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဆည်ကြီးကုန်းကျေးရွာအုပ်စုတွင်ရှိသော ဖိုးခေါင်ကျေးရွာနှင့် ညောင်ဝိုင်းကျေးရွာတို့သည် သရက်တောရပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိသောရွာမြေအမျိုးအစားဖြစ်ပါကြောင်း၊ ယင်းကျေးရွာ ၂ ရွာအား ရပ်ကွက်အဖြစ်တိုးချဲ့ဖွဲ့စည်းလိုပါက နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်သွားရမည်ဖြစ်ပြီး ခွင့်ပြုပါက မြို့၊ ကျေးရွာတိုးချဲ့ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)သည် သရက်ကုန်းရပ်ကွက် ဆည်ကြီးကုန်းကျေးရွာအုပ်စုနှင့် နွားမယံကျေးရွာအုပ်စုများတွင်တည်ရှိပြီး စက်ရုံနယ်မြေအတွင်းရှိ စံပြရပ်သည် သရက်ကုန်းရပ်ကွက်အတွင်း ပါဝင်ပါကြောင်း၊ အောင်မြေသာရပ်သည် ဆည်ကြီးကုန်းကျေးရွာအုပ်စု ကြက်ဖြူတောင်ကျေးရွာနှင့် ညောင်ဝိုင်းကျေးရွာအတွင်းပါဝင်ပါကြောင်း၊ စံပြရပ်နှင့် အောင်မြေသာရပ်တို့သည် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)မှ ပိုင်ဆိုင်သည့်မြေဧရိယာ ၆၁၆ ဒသမ ၉၃ ဧကအတွင်းတည်ရှိနေပြီး အဆိုပါဝန်ကြီးဌာနက ခွင့်ပြုပေးနိုင်ခြင်းမရှိကြောင်း သဘောထားမှတ်ချက်ပြန်ကြားထားသည့်အတွက် ရပ်ကွက်အဖြစ် တိုးချဲ့ဆောင်ရွက်၍ မရနိုင်ပါကြောင်း။

ကသစ်တိုင်းကျေးရွာအုပ်စု တောင်လုံးညိုကျေးရွာနှင့် မြို့ဧရိယာဖြစ်သည့် ကြာနီကန်ရပ်ကွက်အကြားတွင် ဆည်ကြီးကုန်းကျေးရွာအုပ်စု ဖိုးခေါင်ကျေးရွာ၊ သဲခုံကျေးရွာနှင့် မင်းရွာကျေးရွာတို့တည်ရှိနေခြင်း၊ နွားမယံကျေးရွာအုပ်စုရှိ နွားမယံကျေးရွာ၊ ဘယ်လက်ကျေးရွာနှင့်ဖိုးသိန်းတန်ကျေးရွာတို့သည် မြို့ဧရိယာနှင့်တစ်ဆက်တစ်စပ်တည်းမရှိသည့်အတွက် မြို့မြေအတွင်းထည့်သွင်းပြီး ရပ်ကွက်အဖြစ် တိုးချဲ့ဆောင်ရွက်၍မရနိုင်ပါကြောင်း။

ကြို့ကုန်းကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ၊ ဒေါင်းစွန်ကျေးရွာ၊ ရွာမကျေးရွာ၊ နတ်ရေကန်ကျေးရွာ၊ သပြေလှကျေးရွာတို့နှင့် မြို့ဧရိယာဖြစ်သည့် ကြာနီကန်ရပ်ကွက်အကြားတွင် လယ်မြေ ၂၁၅ ဧကရှိပြီး မြို့မြေနှင့် တစ်ဆက်တစ်စပ်တည်းမရှိသည့်အတွက် မြို့မြေအတွင်းထည့်သွင်းဖွဲ့စည်းပြီး ရပ်ကွက်အဖြစ်တိုးချဲ့ဆောင်ရွက်၍မရနိုင်ကြောင်း ဖြေကြားသည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးဂုဏ်ဝမ်း၏ **ခန္တီးမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေကိုကျော်လွန်ပြီး ဆောင်ရွက်နေမှုများကို မည်ကဲ့သို့ ထိန်းညှိဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ခန္တီးခရိုင် ခန္တီးမြို့နယ်သည် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ ကျေးရွာပေါင်း ၈၁ ရွာဖြင့် ဖွဲ့စည်းထားရှိပြီး မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သူ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသား ၄၉၆၈ ဦးရှိပါကြောင်း၊ ယာယီရွှေ့ဆိုင်းလျှောက်ထားနိုင်သည့် နိုင်ငံ့ဝန်ထမ်း ၁၅၉၇ ဦး၊ အခြားပြုစုစောင့်ရှောက်သူမရှိသော မိအိုဖအိုများကို လုပ်ကျွေးနေသူ ၆၂၀ နှင့် ပညာသင်ကြားနေသော တက္ကသိုလ်/ကောလိပ်ကျောင်းသား ၁၃၇ ဦး၊ ကိုယ်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူ ၄၁၆ ဦး၊ မူးယစ်ဆေးစွဲနေ၍ ဆေးဖြတ်ရန်မက်သဒုန်းဆေးသောက်သုံးနေသူ အမျိုးသား ၂၀၈ ဦးရှိကြောင်း စိစစ်တွေ့ရှိရပြီး ယနေ့အထိ ပြည်သူ့စစ်မှုထမ်းဆောင်ရန် ၃၂၀ အား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ခန္တီးမြို့နယ်အတွင်း ပြည်သူ့စစ်မှုထမ်းရန်အတွက် အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူများဟု ဖော်ပြပါရှိသည့် ဦးဆားပါအပါ ၉ ဦးနှင့်စပ်လျဉ်း၍ စိစစ်ခဲ့ရာ ဦးဆားပါ၊ ဦးဖိုးချစ်လုံး၊ ဦးနောင်မိုဝ်၊ ဦးဇော်ဝင်းတို့ ၄ ဦးတို့သည်ပြည်သူ့စစ်မှုထမ်းဥပဒေ၊နည်းဥပဒေနှင့်အညီ ပြည်သူ့စစ်မှုထမ်းရမည့်သူများဖြစ်သောကြောင့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)တွင် သင်တန်းတက်ရောက်လျက်ရှိပါကြောင်း၊ ဦးသီဟစိုးသည် သတ်မှတ်အသက်ကျော်လွန်နေခြင်း၊ ဦးသန်းထွန်းအောင်၊ ဦးရှိန်မင်းအောင်နှင့် ဦးမင်းသန့်တို့ ၃ ဦးသည် လက်ရှိပညာသင်ကြားနေသည့် ကျောင်းသားများဖြစ်ခြင်း၊ ဦးဉာဏ်မြင့်လှိုင်သည် မိအိုဖအိုတို့အား လုပ်ကိုင်ကျွေးမွေးနေသူဖြစ်ခြင်းကြောင့် သတ်မှတ်စုရပ်သို့ မပို့ဆောင်မီ မြို့နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်အပ်နှံဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ ပြည်သူ့စစ်မှုထမ်းရန်ဆင့်ခေါ်ခံရသူ ၉ ဦးသည် ပုံစံ(၁)ပါအမည်စာရင်းရေးသွင်းထားရှိသူများဖြစ်၍ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှပုံစံ(၂)ဖြင့်ဆင့်ခေါ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းရန်အတွက် အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်း မဟုတ်ပါကြောင်း ဖြေကြားသည်။

မိုင်းတုံမဲဆန္ဒနယ်မှ ဦးထင်အောင်ရှိန်၏ **တောင်ကြီးမြို့မှနမ့်စန်-တာကော်-မိုင်းပျဉ်း-ကျိုင်းတုံ- တာချီလိတ် ကားလမ်းနှင့် တောင်ကြီးမြို့မှ နမ့်စန်-လင်းခေး-တာဆန်း-မိုင်းတုံ-မိုင်းဆတ်-တာချီလိတ် ကားလမ်းတစ်လျှောက်ရှိ ဌာနဆိုင်ရာ စစ်ဆေးရေးဂိတ်များအား စုစည်း၍ အရေးကြီးသော နေရာများတွင်သာ စစ်ဆေးရေးဂိတ်ဖွင့်လှစ်စစ်ဆေးခြင်းများ ဆောင်ရွက်၍ရနိုင်မှု ရှိ၊ မရှိ၊ အချက်အချာကျသော အရေးကြီးနေရာများတွင် X-Ray machine စက်များထားရှိစစ်ဆေးခြင်း၊ အချို့နေရာများတွင် mobile X-Ray machine စက်များဖြင့် ရွေ့လျားစစ်ဆေးခြင်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ၊ စစ်ဆေးရေးဂိတ်များတွင် ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ဆောင်ရွက်မှုများမရှိစေရေးအတွက် မည်သည့်ဌာနက တာဝန်ယူဆောင်ရွက်ပေးမည်နှင့် မည်သို့ဆောင်ရွက်နိုင်မှုအစီအစဉ်များအား သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တောင်ကြီး-နမ့်စန်-ကွန်ဟိန်း-မိုင်းပျဉ်း-ကျိုင်းတုံ-တာချီလိတ် ကားလမ်းပေါ်တွင် စစ်ဆေးရေးဂိတ် ၁၆ ခုရှိရာမှ ဟိုပုံးမြို့ဝင်/ထွက်စစ်ဆေးရေးဂိတ်၊ လွိုင်လင်မြို့(ပန်ခေါက်ဝိုး) လုံခြုံရေးဂိတ်နှင့် တုံတာမြို့ဝင်/ထွက် စစ်ဆေးရေးဂိတ် ၃ ခုအား ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ရုပ်သိမ်းခဲ့ပြီးဖြစ်သဖြင့် လက်ရှိတွင် စစ်ဆေးရေးဂိတ် ၁၃ ခုဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်ကြီး-နမ့်စန်-လင်းခေး-

**စာမျက်နှာ ၉ သို့** ❐

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကျင်းပစဉ်။

အစည်းအဝေးတွင်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးသိန်းမြင့်၏ **မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင်နှစ်စဉ်မိုးရာသီ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး အတ္တရံမြစ်ရေ မြင့်တက်ချိန်တွင် လမ်းရေကျော်မှုများ နှစ်စဉ်ဖြစ်ပေါ်လျက် ရှိသည့် မော်လမြိုင်(ဟသ်ာအဝိုင်း)-ကျိုက်မရောလမ်းနှင့် ကျိုက်မရော-ကျွန်းရွာလမ်းများအား လမ်းအဆင့်ပြန်လည်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မော်လမြိုင်(ဟသ်ာအဝိုင်း)-ကျိုက်မရောလမ်းပိုင်းတွင် အသွား၊ အပြန်လမ်း ဒွေးလမ်းအနေဖြင့် ဆောင်ရွက်လျက်ရှိရာ အပြန်လမ်းဘက်ခြမ်းတွင်ကျန်ရှိနေသော လမ်းသားတာပေါင် လုပ်ငန်း ၃ ဖာလုံ၊ အရှည် ပေ ၅၀ သံကူကွန်ကရစ်တံတားတစ်စင်း၊ Box Culvert နှစ်စင်း၊ ကတ္တရာကွန်ကရစ်ခင်းခြင်း ၆ ဖာလုံ၊ အုတ်စီရေမြောင်းပြုလုပ်ခြင်း ၃ ဖာလုံ လုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရေကျော်သောလမ်းပိုင်းများတွင် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ၊ တံတားနှင့် Box Culvert များ၏ ရေလမ်းကြောင်းရှင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် အရှည် ၂ ဖာလုံအား လမ်းပေါ်ရေမကျော်စေရန် လုံလောက်သောလမ်းသားမြှင့်တင်ခြင်းလုပ်ငန်းကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျိုက်မရော-ကျွန်းရွာလမ်း၏ရေကျော်သောအပိုင်းတွင် အရှည် ၁ ဒသမ ၅ ဖာလုံ လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် တောင်ကြီးခရိုင်ရပ်စောက်မြို့နယ်ချင်းဆက် မိုင် ၃၀ လမ်းအား အကျယ် ၁၂ ပေလမ်းမှ အကျယ်၁၈ ပေ နိုင်လွန်ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်(ဖြည့်စွက်) ရန်ပုံငွေတွင်ထပ်မံ၍ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်း ၂ မိုင်၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်း ၃ မိုင် ၁ ဖာလုံလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပင်းတယမြို့မှ ရပ်စောက်မြို့အထိ လမ်းပိုင်းအား ကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော်လည်း လက်ရှိ ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးဇော်မြင့်၏ **မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်သို့ဆက်သွယ်ထားသော အတ္တရံတံတား (ချောင်းနှစ်ခွ)အား အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အဆိုပါတံတား၏ ပျက်စီးသွားသော တံတားတိုင်အမှတ် P4 နှင့် P5 ကြား သံမဏိသံပေါင် ပေ ၂၄၀ တစ်ခန်း၏နေရာတွင်ပြန်လည်တည်ဆောက်မည့် သံမဏိသံပေါင်တံတားဒီဇိုင်း ပုံစံအသစ်အားရေးဆွဲပြီးဖြစ်၍ စက်ရုံတွင် ထုတ်လုပ်ရေးလုပ်ငန်းဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတားဖျက်သိမ်းခြင်းလုပ်ငန်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း မြစ်ရေနည်းချိန်ကာလ ပွင့်လင်းရာသီတွင် ဒေသဆိုင်ရာလုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်း၍ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဦးညဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မောင်းလှော်ကျေးရွာအုပ်စုနှင့် မင်းဂုတ်ကျေးရွာအုပ်စု ကျေးရွာချင်းဆက်လမ်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တို့တွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အဆိုပါလမ်း၏ အပိုင်း(၁)နှင့် အပိုင်း(၂)သည် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းအပိုင်းတွင် ပါဝင်ပြီး အပိုင်း(၃)လမ်းအရှည် ၁ မိုင်ခန့်သည် လတ်တလော လမ်းမှတ်တမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးပါကြောင်း၊ လမ်းအပိုင်း (၁)နှင့် (၂) စုစုပေါင်းလမ်းအရှည် ၂ မိုင် ၂ ဖာလုံခန့်ရှိ အမာခံလမ်းနှင့်မြေသားလမ်းများအား ကျောက်ခင်းလမ်း ၁ မိုင် ၄ ဖာလုံကိုဆောင်ရွက်နိုင်ရန် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိနေသော အမာခံလမ်းပိုင်းများကိုလည်း ကျောက်လမ်းခင်းခြင်းလုပ်ငန်းများကို နှစ်အလိုက် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိသည့် လမ်းအပိုင်း(၃) မင်းဂုတ်(အပေါ်)ရွာ၏ တောင်ဘက်လမ်းပိုင်းအား လမ်းလွှဲပြောင်းသိမ်းသွင်းခြင်းလုပ်ငန်းစဉ်ပြီးစီးပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင်လျာထားနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရေဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ရေဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် အရေးပါသော ခရိုင်ချင်းဆက်လမ်းမကြီးသုံးပိုင်းအား ပြည်ထောင်စုဘတ်ဂျက် သို့မဟုတ် တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေဖြင့် ထည့်သွင်း၍ အမြန်ဆုံးအဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အဆိုပါလမ်းပိုင်းများတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် လမ်းပိုင်း(၁)တွင် လမ်းအနိမ့်အမြင့် ဖြေညှိ၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁ မိုင်၊ လမ်းပိုင်း(၂)တွင် ကတ္တရာလမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၁ မိုင် ၁ ဖာလုံ၊ လမ်းပိုင်း(၃)တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၂ ဖာလုံနှင့် လမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၄ ဖာလုံတို့ကို ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

အဆိုပါ ခရိုင်ချင်းဆက်လမ်းမကြီး သုံးပိုင်းအား ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လမ်းပိုင်း(၁)တွင်ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ၂ ဖာလုံနှင့် လမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၆ ဖာလုံ ဆောင်ရွက်ခြင်း၊ လမ်းပိုင်း(၂)တွင် လမ်းအနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း ၅ ဖာလုံဆောင်ရွက်ခြင်းနှင့် လမ်းပိုင်း(၃)တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ၄ ဖာလုံနှင့် လမ်းအနိမ့်အမြင့် ဖြေညှိခြင်းလုပ်ငန်း ၁ မိုင် ၂ ဖာလုံလျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုပါလမ်းပိုင်းသုံးပိုင်း၏ ကျန်ရှိနေသောလမ်းပိုင်းများကိုလည်း ပြုပြင်မွမ်းမံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား နှစ်အလိုက် ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ဦးမြင့်သိန်း၏ **ကယားပြည်နယ် လွိုင်ကော်၊ ပင်လောင်း၊ အောင်ပန်းလမ်းခွဲအထိ ရှိရှိးကတ္တရာလမ်းမကြီးအား ၁၈ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကယားပြည်နယ် လွိုင်ကော်မြို့အဝင် လမ်းပိုင်းအား ပြည်ထောင်စုနှင့် ကယားပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေများဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ၇ မီတာ အကျယ် **စာမျက်နှာ ၁၀ သို့** ◆

❒ **စာမျက်နှာ ၈ မှအဆက်**

မိုင်းတုံ-မိုင်းဆတ်-တာချီလိတ်ကားလမ်းပေါ်တွင် စစ်ဆေးရေးဂိတ် ၂၁ ခုရှိရာမှ ဟိုပုံးမြို့ဝင်/ ထွက်စစ်ဆေးရေးဂိတ်၊ လွိုင်လင်မြို့(ပန်ခေါက်ဝိုး) လုံခြုံရေးဂိတ်၊ နမ့်စန်မြို့ထွက် သံလမ်းလုံခြုံရေးဂိတ်နှင့် မိုင်းဆတ်မြို့ကာနလုံခြုံရေးဂိတ်လေးခုအား ၂၀၂၆ခုနှစ် ဇွန်လအတွင်း ရုပ်သိမ်းခဲ့ပြီးဖြစ်သဖြင့် ယင်းလမ်းကြောင်းတွင် စစ်ဆေးရေးဂိတ် ၁၇ ခုဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

အထက်ပါလမ်းကြောင်းနှစ်ခုတို့၌ လွိုင်လင်မြို့အဝင်စစ်ဆေးရေးဂိတ် (နေမင်းရောင်လမ်းတံတားကောက်ခံရေးဂိတ်)တွင်မူးယစ်ဆေးဝါးရှာဖွေရေးစက် နှစ်လုံး၊ ကျိုင်းတုံမြို့အဝင်ကျိုင်းဖောင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက်တစ်လုံး၊ မိုင်းဆတ်မြို့နယ် မိုင်းတွမ်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက်တစ်လုံး၊ တာချီလိတ်မြို့အဝင် လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက်တစ်လုံးနှင့် တာချီလိတ်မြို့အဝင် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက်နှစ်လုံး စသည်တို့ဖြင့် စစ်ဆေးရေးဂိတ်ငါးနေရာတို့တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက်များဖြင့် အသုံးပြု၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

X-Ray စက်များ၊ နည်းပညာမြင့်စက်ကိရိယာများတပ်ဆင်နိုင်ခြင်းမရှိသေးသည့် ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ခရီးသည်များအား လူစုခွဲ၍စစ်ဆေးခြင်း၊ ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များစစ်ဆေးရာတွင် ပြည်သူလူထုဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် မသင်္ကာသော၊ သတင်းရသော မော်တော်ယာဉ်များကို ဦးစားပေးစစ်ဆေးခြင်းများ ဆောင်ရွက်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နည်းပညာမြင့်စက်ကိရိယာပစ္စည်းများအား ဘဏ္ဍာငွေခွဲဝေရရှိမှသာ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်များနှင့်အတူ ရှင်းလင်းဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ဇူလိုင်လ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

**◆ စာမျက်နှာ ၉ မှအဆက်**

ကတ္တရာကွန်ကရစ်ခင်းခြင်း ၁ မိုင်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင်လည်း ပြည်ထောင်စုနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေများဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ၂၃ပေ (၇ မီတာ)အကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း ၄ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်ခင်းခြင်း ၁ မိုင် ၃ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်းမှ ၂၄ ပေအကျယ်ရရန် ဒုအခြေခံလွှာချဲ့ခင်းခြင်း ၅ ဖာလုံ၊ ၁၂ပေအကျယ်မှ ၁၈ ပေအကျယ်ကတ္တရာလမ်းခင်းခြင်း ၃ ဖာလုံ၊ ၁၈ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ မိုင် ၁ ဖာလုံ၊ နောင်တရားမြို့တွင်း လမ်းသားတာပေါင်ချဲ့ခြင်း ၁ မိုင် ၂ ဖာလုံ၊ လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ မိုင် ၃ ဖာလုံနှင့် ကျောက်စီရေမြောင်းနှင့်ကျောက်စီမြေကာနံရံတည်ဆောက်ခြင်း ၂၆၂၅ ပေလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းအား အများပြည်သူအသုံးပြုမှုများပြားသောမြို့တွင်းလမ်းပိုင်းများတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် လျာထားပြီးသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်လမ်းပိုင်းများကိုလည်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် လျာထားသည့်အတိုင်း ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ထိုင်းလွှတ်တော်ချစ်ကြည်ရင်းနှီးရေးအသင်းများဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူပြီး **မြန်မာ-ထိုင်းလွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ်တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွန်းအောင်တို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် ထိုင်းလွှတ်တော်ချစ်ကြည်ရင်းနှီးရေးအသင်းဖွဲ့စည်းခြင်းနှင့် အသင်းများတွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးခင်ဇော်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်လိုသည့် ပုဒ်မ၊ ပုဒ်မခွဲများအား လွှတ်တော်သို့တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ချင်းပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ပီကျိန်ငိုက်မန်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်လိုသည့် ပုဒ်မ၊ ပုဒ်မခွဲများအား လွှတ်တော်သို့တင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်းက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ဇူလိုင်လ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

**အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်**

## ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များငှားရမ်းပေးခြင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၂

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်များလိုက်လံငှားရမ်းပေးမှုကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လှည့်လည်ငှားရမ်းပေးလျက်ရှိရာ ယနေ့တွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒက္ခိဏသီရိမြို့နယ် မဲဒီးကျေးရွာတို့သို့သွားရောက်ငှားရမ်းပေးကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွှေ့လျားစာကြည့်တိုက်ယာဉ်၌ သုတ၊ ရသ စာအုပ်မျိုးစုံ ၂၀၀၀ ကျော်စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သောစာအုပ်များကို ရက်သတ္တတစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးမည်ဖြစ်ကြောင်းသိရသည်။

(၄၀၂)

## MSME ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု မော်တာစက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားလျက်ရှိ

မြဝတီ ဇူလိုင် ၂၂

ကရင်ပြည်နယ် မြဝတီခရိုင် MSME အေဂျင်စီက ကြီးမှူးဖွင့်လှစ်သည့် MSME ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု မော်တာစက်ချုပ်သင်တန်းကို ယမန်နေ့နံနက် ၁၀ နာရီက မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းမှ ဆရာမများနှင့် သင်တန်းသူများတက်ရောက်ကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲ၌ ခရိုင် MSME အေဂျင်စီဥက္ကဋ္ဌ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင် MSME အေဂျင်စီအတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဝင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် MSME လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ MSME ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု မော်တာစက်ချုပ်သင်တန်းကို ဩဂုတ်လ ၁၄ ရက်အထိ မော်တာစက်ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရန် မော်တာစက်ချုပ်အမျိုးမျိုးနှင့် ကလေး၊ လူကြီး အခြေခံဘောင်းဘီညှပ်နည်း၊ ချုပ်နည်းများနှင့် အခြေခံဘလောက်(စ်)အင်္ကျီများညှပ်နည်း၊ ချုပ်နည်းများကို မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမသုံးဦးတို့က စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

(၄၀၆)

## ရွှေစိတ်ဓာတ်လွှမ်း

○ သည်မြေမှာ အတူနေ
သည်ရေကို အတူသောက်။
ဘိုးဘွားအစဉ်ပေါ့
နီးကြားလျှင် အမြင်ကြီးတယ်
ခရီးတူလျှောက်။

○ လျှောက်လှမ်းလာ ခရီးလမ်း
စည်းကမ်းက အခရာ
နာယူလို့စောင့်ထိန်း။
စည်း…မချော်အောင်လို့
ကမ်း…မကျော်အောင်လို့
လမ်းဖော်ဆောင် ပဲ့ကိုင်ပေးတော့
ဘေးကင်းရန်ငြိမ်း။

○ ခရီးတူ ခြေလှမ်းများနှင့်
စွမ်းပကား ကိုယ်စီ
ဖြူကြည်တဲ့ စိတ်ထား။
နောင်ရေးကိုမျှော်
အောင်တေးရယ် တကြော်ကြော်နဲ့
ဆွေအဖော် ပျော်မဆုံးပါဘဲ
စည်းလုံးတဲ့အား။

○ ခြေလှမ်းညီ သွက်လက်လှ
စည်းချက်ကျ ဝါးချက်ညီ
ရွှင်ကြည်လို့ ပျော်မြူး။
အကြံကောင်းရယ်နဲ့
ဉာဏ်ပေါင်းကာ ကိုယ်စီထမ်းတော့
ရွှေလမ်းဖြောင့်ဖြူး။

○ ရွှေနိုင်ငံ ရွှေခရီး
ရွှေသီးဖို့ ရွှေခေတ်တည်။
ရွှေညီနောင် မောင်နှမများရဲ့
ရွှေအားညီညီ။
ရွှေပြည်သစ် ရွှေခေတ်မီ
ရွှေခေတ်ဆီ အရောက်လှမ်း။
ရွှေရောင်ဖြာ တဖိတ်ဖိတ်ရယ်နဲ့
ရွှေစိတ်ဓာတ်လွှမ်း။ ။

ရေနံ့သာမောင်ကျော်ညွန့်

**MWD Education, Knowledge & Sports Channel**

၂၃-၇-၂၀၂၆ (ကြာသပတေးနေ့)

၁။ ၀၇:၀၀ မှ ၀၈:၃၅ Grade-9 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁)
၂။ ၁၅:၃၀ မှ ၁၆:၁၇ Grade-9 သင်္ချာ(၁)၊ သင်္ချာ(၂)
၃။ ၁၆:၁၇ မှ ၁၈:၁၀ Grade-9 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

# လွှတ်တော်ကိုယ်စားလှယ်များစွမ်းရည်မြှင့်တင်ရေးအတွက် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍ" ဆိုင်ရာဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြ



နေပြည်တော်   ဇူလိုင် ၂၂

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)နှင့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်စက်မှုကဏ္ဍ" ဆိုင်ရာ ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက ယနေ့ကျင်းပသည့် ရှင်းလင်းပွဲသည် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC)၏အစီအစဉ်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး "နိုင်ငံတော်၏စက်မှုကဏ္ဍ" နှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် ရှင်းလင်းတင်ပြပေးသည့် ဒုတိယမြောက် အစီအစဉ်ဖြစ်ပါကြောင်း၊

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးတွင် စက်မှုကဏ္ဍသည် အခြေခံအုတ်မြစ်ဖြစ်ပြီး မိမိတို့နိုင်ငံ၌ သဘာဝသယံဇာတကုန်ကြမ်းများ ကြွယ်ဝသော်လည်း အရည်အသွေးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန် စက်မှုစွမ်းအားလိုအပ်လျက်ရှိပါကြောင်း။

စက်မှုလုပ်ငန်းများနှင့် MSMEs များသည် ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်း၊ အလုပ်အကိုင်ဖန်တီးခြင်း၊ သွင်းကုန်နှင့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချခြင်းတို့ဖြင့် နိုင်ငံ့စီးပွားရေးကို မောင်းနှင်ပေးသည့် အဓိကအင်အားစုဖြစ်ပါကြောင်း၊ ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းနှင့် အလုပ်အကိုင်ဖန်တီးပေးမှု ၆၀ မှ ၇၀ ရာခိုင်နှုန်းခန့်မှာ MSMEs လုပ်ငန်းများဖြစ်ကြသဖြင့် ၎င်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လက်ရှိစီးပွားရေးနှင့် စက်မှုကဏ္ဍအခြေအနေ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးမူဝါဒများ၊ MSME ဖွံ့ဖြိုးတိုးတက်ရေး ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုအခြေအနေ၊ နိုင်ငံပိုင် စက်ရုံပြုပြင်ပြောင်းလဲရေး၊ ဦးစားပေးစက်မှုလုပ်ငန်းများ၊ စက်မှုကဏ္ဍ၏အခြေခံလိုအပ်ချက်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ခေတ်မီစက်မှုစနစ်သို့ ကူးပြောင်းရေး၊ ရေရှည်တည်တံ့သော စက်မှုဖွံ့ဖြိုးရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ ရှေ့ဆက်ဆောင်ရွက်မည့် ဦးစားပေးအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုခြင်းများကိုဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့ပြင် နေပြည်တော် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များက ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်များ၊ ရိုးရာလက်မှုထုတ်ကုန်များ စသည့်ထုတ်ကုန်ပစ္စည်းများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအား ခင်းကျင်းပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **မြဝတီ**

# အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပါဝင်တက်ရောက်




နေပြည်တော်   ဇူလိုင် ၂၂

အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲကို ဖိုရမ်၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ဦးဆောင်၍ ဇူလိုင်လ ၂၁ ရက်မှ ၂၂ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် Hybrid Format ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြပြီး အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းလှိုင်ဦးနှင့် ဒေါက်တာဆွေဆွေအောင်၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် ရုံးဝန်ထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး ပထမနေ့တွင် ၂၀၂၆ ခုနှစ် ဧပြီလက ကျင်းပခဲ့သော ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်(SEANF)၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ်(၅) ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ဘေးကင်းလုံခြုံမှု၊ သန့်ရှင်းမှု၊ ကျန်းမာရေးနှင့်ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင် အခွင့်အရေးဆိုင်ရာ အာဆီယံကြေညာစာတမ်းနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများ၊ အသက်အရွယ်ကြီးရင့်သူများ အခွင့်အရေးနှင့်စပ်လျဉ်း၍ ဥပဒေအရ စည်းနှောင်မှုရှိသော စာချုပ်တစ်ရပ်ဖြစ်ပေါ်ရေး ဆောင်ရွက်နေမှုအခြေအနေနှင့် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများ၊ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများအကြား စုံစမ်းစစ်ဆေးမှု ယန္တရားတစ်ရပ်တည်ထောင်ခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးချုပ်ဆို၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Sabah ဒေသရှိနယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းသွားလာမှု၊ နိုင်ငံမဲ့ဖြစ်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ပူးတွဲသုတေသနမူဘောင်နှင့် လုပ်ငန်းလမ်းညွှန်ချက်များဆိုင်ရာ သတင်းအချက်အလက်များကို တင်ပြဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ဖိုရမ်၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဆောင်ရွက်ချက်များကို ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက ဆွေးနွေးခဲ့သည်။

ယင်းနောက် SEANF ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ်များအနက် ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော ဦးစားပေးကိစ္စရပ်အမှတ် (၂) ဖြစ်သည့် "စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေးမြှင့်တင်ရန်နှင့်ကာကွယ်ရန်" ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးခဲ့သည်။

အစည်းအဝေး ဒုတိယနေ့နံနက်ပိုင်းတွင် ဖိုရမ်၏ (၂၃) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပနိုင်ရေးကိစ္စရပ် အပါအဝင် ဖိုရမ်၏ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့က ဖိုရမ်၏ ၂၀၂၇ ခုနှစ် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က လက်ခံရယူရန်ကိစ္စကို ထည့်သွင်းဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် "အရှေ့တောင်အာရှဒေသရှိ ဒုက္ခသည်များနှင့် လူကုန်ကူးမှုပြဿနာရပ်များနှင့်စပ်လျဉ်းသော ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအတွက် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် ဖိုရမ်၏ ဆက်စပ်ဆွေးနွေးပွဲတစ်ရပ်ကို ဆက်လက်ကျင်းပသည်။

အဆိုပါ ဆက်စပ်ဆွေးနွေးပွဲတွင် "အရှေ့တောင်အာရှဒေသရှိ ဒုက္ခသည်များနှင့် လူကုန်ကူးမှုဆိုင်ရာ အခြေအနေများကို နားလည်သဘောပေါက်ခြင်း- ဖြစ်ပေါ်စေသော အကြောင်းရင်းများ၊ လက်ရှိဖြစ်ပေါ်နေသောလမ်းကြောင်းများနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိန်ခေါ်မှုများ" နှင့် "ဒုက္ခသည်များနှင့် လူကုန်ကူးခံရသူများအတွက် ကာကွယ်စောင့်ရှောက်မှုဗျူဟာချက်များနှင့် တရားမျှတမှုရရှိရေးလက်လှမ်းမီနိုင်မှု" စသည့် ခေါင်းစဉ်များအလိုက် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပြီး ကော်မရှင်မှပါဝင်ဆွေးနွေးခဲ့သည်။

အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် ( Southeast Asia National Human Rights Institutions Forum – SEANF ) ကို ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၂ ခုနှစ်တွင် ဖိုရမ်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ကြောင်းသိရသည်။ **မြဝတီ**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများကျင်းပ




အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားများကို ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌လည်းကောင်း၊ ဝန်းသိုမြို့ရှိ နယ်မြေခံတပ်ရင်း၌လည်းကောင်း၊ ကျောက်မြောင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌လည်းကောင်း အသီးသီးပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အိုးစည် ဒိုးပတ် အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် သက်ဆိုင်ရာတာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ဆောင်ရွက်ထုတ်ပေးမှုအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုအားပေး



နေပြည်တော် ဇူလိုင် ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ တပ်ကုန်းမြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် One Stop Service ဖြင့် နေ့ချင်းပြီးဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID တို့ကို ကာယကံရှင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းထံပေးအပ်ပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်၍ကျောင်းသား၊ကျောင်းသူများကို အာဟာရမုန့်များ ဝေငှပေးခဲ့ကြောင်းသိရသည်။

မြဝတီ

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီနှင့် Naypyitaw State Polytechnic University တို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကျင်းပ



နေပြည်တော် ဇူလိုင် ၂၂

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီနှင့် Naypyitaw State Polytechnic University တို့ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Polytechnic University ၌ကျင်းပရာ ဦးစွာ Naypyitaw State Polytechnic University ကျောင်းသား၊ ကျောင်းသူများက "Welcome to NSPU" သီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက AI အသိပညာဆွေးနွေးပွဲမှသည် AI ကို မြင့်သထက်မြင့်အောင် တီထွင်နိုင်စေရန်ဖြစ်ကြောင်း၊ သုံးစွဲသူကျင့်ဝတ်နှင့်အညီ လူငယ်အိပ်မက်များကို AI နည်းပညာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြား၍ Naypyitaw State Polytechnic University ကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဒုတိယပါမောက္ခချုပ်က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်များပါဝင်အကြံပြုတိုင်ပင် ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားပြီး ဦးဆောင်ဆွေးနွေးမည့် စွန့်ဦးတီထွင် လူငယ်ကိုယ်စားလှယ်နှင့် ပါဝင်ဆွေးနွေးမည့် ကျောင်းသား၊ ကျောင်းသူလေးဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် "AI နှင့်အနာဂတ်လူငယ်" ခေါင်းစဉ်ဖြင့် လူငယ်ကိုယ်စားလှယ်နှင့် ကျောင်းသား၊ ကျောင်းသူလေးဦးတို့က အသိပညာပေးဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက AI နှင့်ပတ်သက်သည့် သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လွဲလွဲသိန်း၊ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူငယ်ကိုယ်စားလှယ်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်းသိရသည်။ **မြဝတီ**

# ကညင်ရေလှောင်တမံ ရေအားလျှပ်စစ်စီမံကိန်းမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ယူနစ် ၃၅ ဒသမ ၇၇၄ သန်းခန့် ထုတ်လုပ်ပေးနိုင်မည်

ပုသိမ် ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကညင်ရေလှောင်တမံတွင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၁၀ ဒသမ ၅ မဂ္ဂါဝပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ယူနစ် ၃၅ ဒသမ ၇၇၄ သန်းခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အား ယူနစ် ၃၅ ဒသမ ၇၇၄ သန်းခန့်ကို အိမ်ထောင်စုတစ်စုလျှင် လစဉ် ၁၀၀ ယူနစ်ခန့် အသုံးပြုမှုဖြင့် ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စုပေါင်း ၁၀၅၀၀ ခန့်အတွက် လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ကညင်ရေအားလျှပ်စစ်စီမံကိန်းမှထွက်ရှိလာမည့် ဓာတ်အားများကို အမျိုးသားဓာတ်အားကွန်ရက်စနစ်သို့ ချိတ်ဆက်ပို့လွှတ်နိုင်ရေးအတွက် အင်္ဂပူမြို့နယ် ထူးကြီးမြို့တွင် ၃၃/၆၆ ကေဗွီ ဓာတ်အားခွဲရုံ ဆောက်လုပ်ပြီးစီးမှုနှင့် ၆၆ ကေဗွီ မြန်အောင်-ဟင်္သာတအမှတ် (၁) ဓာတ်အားလိုင်းနှင့်ချိတ်ဆက်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# မြန်မာတို့အကြိုက်မျှစ်နှင့် အနာဂတ်မြန်မာ့မျှစ်ကဏ္ဍအလားအလာ

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)

မိုး ကာလရောက်လို့ မြေသားတွေ စိုစွတ်လာပြီဆိုတာနဲ့ သဘာဝတောတောင်တွေက လူသားတွေကို အခမဲ့ပေးလေ့ရှိတဲ့ အဖိုးတန်ရတနာတစ်ပါး ကျေးလက်ဒေသတွေမှာ ဝေဝေဆာဆာ ပေါ်ထွန်းလာတတ်ပါတယ်။ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ မြန်မာတို့ရဲ့ မီးဖိုချောင်မှာ ခံတွင်းအမြိန်ဆုံး ရာသီစာတစ်ခွက်ဖြစ်တဲ့ "မျှစ်" ပဲ ဖြစ်ပါတယ်။ မိုးရေစက်တွေနဲ့အတူ ဝါးရုံတောတွေထဲက ထွက်ပေါ်လာတဲ့ မျှစ်စို့နုလေးတွေဟာ မြန်မာလူမျိုးတွေရဲ့ ခံတွင်းကိုအထူးမြိန်စေတဲ့ ရာသီစာတစ်ခုပါ။ မြေကြီးထဲက ရုန်းထွက်လာတဲ့ မျှစ်စို့နုနုလေးတွေဟာ ကျေးလက်ပြည်သူတွေအတွက် မိသားစုအပိုဝင်ငွေ ရှာဖွေပေးရာတင်မကဘဲ တစ်နိုင်ငံလုံးကစားသုံးသူတွေရဲ့ ထမင်းဝိုင်းကိုမြိန်ရှက်စေတဲ့ မိုးတွင်းကာလရဲ့ အလှပဆုံးသော သဘာဝတရားရဲ့ လှည့်လည်ရောင်းချလေ့ရှိပါတယ်။ သူတို့လေးတွေအတွက် မျှစ်ရောင်းခြင်းမှ ဝင်ငွေရနိုင်သလို စားသုံးသူတွေအတွက်လည်း လွယ်လင့်တကူဝယ်ယူနိုင်တဲ့အတွက် နှစ်ဦးနှစ်ဖက်လုံးအတွက် အလွန်အဆင်ပြေပါတယ်။ သဘာဝအတိုင်းထွက်ရှိတဲ့ မျှစ်နုနုလေးတွေရဲ့ တကြွပ်ကြွပ်ဝါးလို့ကောင်းတဲ့အထိအတွေ့နဲ့ ချိုမြိန်တဲ့အရသာဟာ မိုးရာသီရဲ့ အရသာလို့တောင် တင်စားလို့ရပါတယ်။ အခုနောက်ပိုင်းမှာတော့ စီးပွားဖြစ်စိုက်ပျိုးလာကြတဲ့ မျှစ်ချိုဝါးစိုက်ခင်းတွေကလည်း တစ်နှစ်ပတ်လုံး မျှစ်တွေကိုထုတ်လုပ်ပေးနေကြပါပြီ။

မျှစ်တွေ ပေါပေါများများထွက်တဲ့ မိုးကာလမှာ မျှစ်တွေကို အိုးတွေနဲ့ အချဉ်တည်ပြီး မျှစ်ချဉ်ပြုလုပ်ရောင်းချကြတာတွေလည်းရှိပါတယ်။ မျှစ်ချဉ် ပြုလုပ်ရောင်းချသူတွေဟာ စီးပွားရေး ကုန်ကျစရိတ်သက်သာပြီး ခံတွင်းမြိန်စေပါတယ်။ မျှစ်စိမ်းနုနုလေးတွေကို ပုစွန်ဆီပြန်ချက်တာ၊ ကရင်ရိုးရာ မျှစ်တာလပေါ ဟင်းချက်တာ၊ မျှစ်စိမ်းဟင်းခါး ချက်တာတွေဟာ မိုးအေးအေးမှာ လျှာလည်သွားစေမယ့် ဟင်းလျာတွေဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ မျှစ်ချဉ်ကို ငါး၊ ဝက်သား၊ ကြက်သားတို့နဲ့ ဆီပြန်ချက်နိုင်သလို ကြက်သွန်နီ၊ ငရုတ်သီးစိမ်းလေးနဲ့ အညာစတိုင်မျှစ်ချဉ်ထောင်း လုပ်ပြီးလည်း စားနိုင်ပါတယ်။ မျှစ်တွေဈေးအရမ်းပေါတဲ့ အခါ မျှစ်ကိုအခြောက်လှန်း မျှစ်ခြောက်လုပ်ပြီး ရေရှည်သိမ်းဆည်းထားနိုင်ပါတယ်။ ကျွန်မတို့ ငယ်ရွယ်စဉ်က မင်းဘူးရွှေစက်တော်ကို ဘုရားဖူးသွားပြီးအပြန်ရောက်တဲ့အခါမှာ မျှစ်ခြောက်တွေ ဝယ်လာလေ့ရှိကြပါတယ်။ မျှစ်ခြောက်ကိုတော့ ဘဲသားနဲ့တွဲဖက်ချက်ပြုတ်ပြီး ပွဲနေပွဲထိုင်ဟင်းလျာအဖြစ် သုံးဆောင်

❖ **ယနေ့ကာလမှာ နိုင်ငံတော်က MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်လျက်ရှိတဲ့အတွက် ခုလိုမိုးကာလတွေမှာ ပေါများစွာရနိုင်တဲ့မျှစ်ကို ကုန်ကြမ်းအဖြစ်အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်သင့်ပါတယ်။ မျှစ်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ပြောင်းလဲခြင်းအားဖြင့် ပြည်တွင်းမှာ ရာသီဥတုမရွေး တစ်နှစ်ပတ်လုံးရောင်းချနိုင်တဲ့အပြင် တရုတ်၊ ဂျပန်၊ ကိုရီးယားနဲ့ ထိုင်ဝမ်စတဲ့ အာရှနိုင်ငံတွေဟာ မျှစ်အဓိကတင်သွင်းတဲ့နိုင်ငံတွေဖြစ်လို့ ပြည်ပပို့ကုန်အဖြစ် ခြေဆန့်နိုင်မယ့် အလားအလာအလွန်ကောင်းမွန် . . .**

လက်ဆောင်မွန်ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရေမြေတောတောင် အနေအထားအရ ဝါးအမျိုးအစားစုံလင်လှတာကြောင့် မျှစ်အမျိုးအစားတွေကလည်း ဒေသအလိုက်ကွဲပြားစုံလင်လှပါတယ်။ မျှစ်ဝါးကြီး၊ မြင်မျှစ်၊ ကြသောင်းမျှစ်၊ ဝါးပိုးမျှစ် စသဖြင့် သဘာဝတောမျှစ်တွေ အမြောက်အမြားရှိနေပါတယ်။ ဒေသအလိုက်အခေါ်အဝေါ်တွေကတော့ အမျိုးမျိုးရှိနေနိုင်ပါတယ်။ ဒီလိုမိုးကာလ ဇွန်လ၊ ဇူလိုင်လတွေမှာ မျှစ်တွေအပေါများဆုံးထွက်ရှိပြီး ခုလိုအချိန်တွေမှာ ကလေးငယ်တွေနဲ့ အမျိုးသမီးငယ်တွေဟာ တောထဲက သဘာဝမျှစ်တွေကို ရှာဖွေပြီး ရပ်ထဲ၊ ရွာထဲနဲ့ ဈေးတွေထဲမှာ တွက်ခြေကိုက်ကြောင်းလည်း သိရပါတယ်။ မျှစ်ချဉ်တွေထဲမှာ ပျဉ်းမနားမျှစ်ချဉ်ဟာ ပျဉ်းမနားမြို့ရဲ့လက်ဆောင်အဖြစ် အရမ်းနာမည်ကြီးပါတယ်။ မြန်မာနိုင်ငံရဲ့ အထင်ကရ ဒေသဖြစ်တဲ့ နေပြည်တော်ကို သွားရောက်လည်ပတ်ခဲ့ရင်လည်း အိမ်ပြန်လက်ဆောင်အဖြစ်မျှစ်ချဉ်ကို အများဆုံးဝယ်ယူလေ့ရှိကြပါတယ်။

အချက်အပြုတ် အနုပညာဘက်မှာ ကြည့်မယ်ဆိုရင်လည်း မျှစ်ဟာနေရာစုံမှာ ဗိုလ်လုပ်နိုင်တဲ့ အစားအစာပါ။ မျှစ်နဲ့ စားတော်ပဲပြုတ်ရောပြီးကြော်တာ၊ ချဉ်ပေါင်ရွက်နဲ့ ရောကြော်တာတွေလည်း လုပ်လို့ရပါတယ်။ မျှစ်ကိုပြုတ်ပြီး ကြက်သွန်ဖြူနဲ့ထောင်းထားတဲ့မျှစ်ထောင်းဟင်းကလည်း ကြသလို မျှစ်ပြုတ်နုနုလေးကို ငပိရည်ကျိုတို့စရာအစုံနဲ့ တွဲဖက်စားသုံးတာကတော့ မြန်မာတို့ရဲ့ အနှစ်သက်ဆုံး ရိုးရာစားသောက်မှုပုံစံ ဖြစ်ပါတယ်။ ကျေးလက်တောရွာတွေမှာသာမက အဆင့်မြင့်ဟိုတယ်တွေအထိ မျှစ်ကိုအမျိုးမျိုးအဖုံဖုံ ချက်ပြုတ်စားသုံးကြပါတယ်။

အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုတဲ့ မြန်မာဆိုရိုးစကားအတိုင်း မျှစ်ဟာ အရသာရှိရုံသာမက အာဟာရသိပ္ပံရှုထောင့်ကနေကြည့်ရင်လည်း ကျန်းမာရေးနဲ့ အင်မတန်ညီညွတ်တဲ့ အစားအစာတစ်ခုဖြစ်ပါတယ်။ သူ့မှာအမျှင်ဓာတ်အလွန်ကြွယ်ဝလို့ အစာခြေစနစ်ကိုကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။ ဗီတာမင်နဲ့ သတ္တုဓာတ်တွေလည်း များစွာပါဝင်သလို ကယ်လိုရီနဲ့အဆီဓာတ် အလွန်နည်းပါးတာကြောင့် ကိုယ်အလေးချိန်ထိန်းညှိလိုသူတွေအတွက် အထူးသင့်လျော်ပါတယ်။ မျှစ်ထဲမှာပါတဲ့ အမျှင်ဓာတ်တွေက အစာစားပြီးနောက် သွေးတွင်းသကြားဓာတ်ကို ပုံမှန်ဖြစ်စေပါတယ်။

သို့သော်လည်း မျှစ်ကိုစားသုံးရာမှာ အထူးသတိပြုရမယ့် အချက်တစ်ချက်ရှိနေပါတယ်။ မျှစ်စိမ်းတွေမှာ သဘာဝအဆိပ်အတောက်ဓာတ် အနည်းငယ်ပါဝင်တတ်ပါတယ်။ ဒါကြောင့်အဆိပ်ဓာတ်လုံးဝပြယ်ပျောက်သွားစေနိုင်ဖို့ မျှစ်ကိုမချက်ပြုတ်ခင်မှာ ရေစိမ်ထားခြင်း၊ အဖုံးဖွင့်ပြီး အချိန်အနည်းငယ်ကြာအောင် စနစ်တကျပြုတ်ခြင်းတို့ကို ပြုလုပ်ပေးသင့်ပါတယ်။ ခန္ဓာကိုယ်ထဲမှာ ယူရစ်အက်စစ်များနေသူတွေ၊ ဂေါက်ရောဂါ၊ အဆစ်အမျက်ကိုက်ခဲဝေဒနာခံစားနေရသူတွေအနေနဲ့တော့ မျှစ်ကိုအလွန်အကျွံ မစားသုံးမိစေဖို့ ခေါက်ဆွဲညှပ်၊ ကွတ်တီယိုတို့နဲ့ တွဲဖက်စားသုံးဖို့ အထူးနာမည်ကြီးပါတယ်။ မျှစ်ခြောက်ကိုမှုန့်ညက်နေအောင်ကြိတ်ပြီး ကိတ်မုန့်၊ ပေါင်မုန့်နဲ့ ခေါက်ဆွဲခြောက်ထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ အမျှင်ဓာတ်



ချင့်ချိန်သတိပြုသင့်ပါတယ်။

ယနေ့ခေတ်မှာတော့ မျှစ်ဟာ ကျေးလက်ဒေသရဲ့ ရာသီစာအဆင့်တင်မကတော့ဘဲ စည်သွတ်ဘူးတွေနဲ့ ထည့်သွင်းတဲ့ ကုန်ထုတ်လုပ်မှုနည်းပညာတွေကြောင့် ပြည်တွင်းပြည်ပ ဈေးကွက်အထိ တန်ဖိုးမြှင့်ထုတ်ကုန်တစ်ခုအဖြစ် ခြေဆန့်လာနိုင်နေပြီဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ အာရှဒေသတွင်း နိုင်ငံအချို့ (ဥပမာ – တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ထိုင်ဝမ်နဲ့ ဂျပန်) မှာ မျှစ်ကိုစိုက်ပျိုးထုတ်လုပ်ရုံတင်မကဘဲ ခေတ်မီနည်းပညာတွေ၊ ဆန်းသစ်တဲ့စိတ်ကူးတွေနဲ့ ပေါင်းစပ်ပြီး ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြှင့်ထုတ်ကုန်မျိုးစုံအဖြစ် ပြောင်းလဲထုတ်လုပ်နေကြပါတယ်။

ကိုရီးယားနဲ့ ဂျပန်မှာဆိုရင် မျှစ်ဖူးနုနုလေးတွေကို အခြောက်ခံပြီး ဆီးချိုသွေးတိုးကျစေတဲ့ ကျန်းမာရေးလက်ဖက်ရည်ကြမ်း (Bamboo Shoot Tea) အဖြစ် တန်ဖိုးမြှင့် ထုတ်လုပ်နေကြပါတယ်။ ထိုင်ဝမ်နဲ့ တရုတ်နိုင်ငံတွေကတော့ မျှစ်ကို အမျှင်လေးတွေ၊ အတုံးလေးတွေလုပ်ပြီး တရုတ်မာလာအမွှေးအကြိုင်၊ ငရုတ်သီးဆီချက်တို့နဲ့ ချဉ်စပ်အရသာရအောင် ပြုလုပ်ပြီး မျှစ်ချဉ်စပ်အသင့်စားသရေစာထုပ်များအဖြစ် ပြုလုပ်ရောင်းချနေပါတယ်၊ မျှစ်ကို အလွန်ပါးလွှာအောင်လှီးဖြတ်၊ အခြောက်ခံပြီးနောက် တကြွပ်ကြွပ်ဝါးရတဲ့ အဆာပြေမုန့်အဖြစ် အာလူးကြော်သလိုမျိုး ကြော်ပြီးရောင်းကြပါသေးတယ်။ ဒါ့အပြင် ထိုင်ဝမ်နဲ့ တရုတ်နိုင်ငံတွေက မျှစ်ကို အချဉ်ဖောက်၊ နေလှန်းပြီး ဂျပန်ကို ကုန်ကြမ်းတင်ပို့ရောင်းချနေကြပါတယ်။ ဂျပန်ရိုးရာခေါက်ဆွဲပန်းကန်တွေမှာ အချဉ်ဖောက်ထားတဲ့ မျှစ်ပြုတ်လေးတွေဟာ မပါမဖြစ်ဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံမှာတော့ မျှစ်နုနုလေးတွေကိုကြိတ်ပြီး ငရုတ်သီး၊ ကြက်သွန်ဖြူ၊ ကောက်ညှင်းအရက်တို့နဲ့စိမ်ကာ မျှစ်ငရုတ်သီးဆော့အဖြစ် ပြုလုပ်ရောင်းချနေပါတယ်။ ဒီဆော့ဟာ အသုံးများပြီး ဖြည့်စွက်စာကုန်ကြမ်းအဖြစ် ရောင်းချကြတာတွေလည်းရှိပါတယ်။

မြန်မာနိုင်ငံမှာ မျှစ်ပေါများတဲ့ မိုးရာသီမှာ မျှစ်ဈေးကွက်က အလွန်ဈေးပေါသွားတတ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့ နည်းလမ်းတွေကိုကြည့်ပြီး မြန်မာနိုင်ငံမှာဆိုရင် ပြည်တွင်းဈေးကွက်အတွက် သာမန်ပလတ်စတစ်အိတ်နဲ့ ရိုးရာမျှစ်ချဉ်ကိုသာ ရောင်းမယ့်အစား မျှစ်ချဉ်ကိုအဆင်သင့် သုပ်စားလို့ရမယ့် အမွှေးအကြိုင်တွေနဲ့ ဆီချက်စတဲ့ လိုအပ်တဲ့ပစ္စည်းတွေထည့်ပြီး ထုပ်ပိုးမှုပုံစံဆန်းသစ်စွာနဲ့ ပြောင်းလဲရောင်းချသင့်ပါတယ်၊ ပြည်ပပို့ကုန်အတွက် ဆိုရင်တော့ တရုတ်နိုင်ငံမှ ဝယ်လိုအား မြင့်မားလှသော မျှစ်ချဉ်ကုန်ကြမ်းကို စနစ်တကျကောင်းမွန်စွာ အချဉ်ဖောက်ပြီး တင်ပို့သင့်ပါတယ်။

ယနေ့ကာလမှာ နိုင်ငံတော်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်လျက်ရှိတဲ့အတွက် ခုလိုမိုးကာလတွေမှာ ပေါများစွာရနိုင်တဲ့ မျှစ်ကိုကုန်ကြမ်းအဖြစ် အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်သင့်ပါတယ်။ မျှစ်ကိုတန်ဖိုးမြှင့်ထုတ်ကုန် အဖြစ်ပြောင်းလဲခြင်းအားဖြင့်ပြည်တွင်းမှာ ရာသီဥတုမရွေး တစ်နှစ်ပတ်လုံးရောင်းချနိုင်တဲ့အပြင် တရုတ်၊ ဂျပန်၊ ကိုရီးယားနဲ့ ထိုင်ဝမ်စတဲ့ အာရှနိုင်ငံတွေဟာ မျှစ်အဓိကတင်သွင်းတဲ့နိုင်ငံတွေဖြစ်လို့ ပြည်ပပို့ကုန်အဖြစ် ခြေဆန့်နိုင်မယ့် အလားအလာ အလွန်ကောင်းမွန်ပါတယ်။ မိုးကာလရဲ့စိုစွတ်မှုနဲ့အတူ ပေါ်ထွန်းလာတဲ့ သဘာဝရဲ့လက်ဆောင်မွန်မျှစ်ကို စနစ်တကျ ရွေးချယ်၊ သန့်စင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန် ပြုလုပ်ရောင်းချသင့်ပါတယ်။ လုပ်ငန်းရှင်များအနေဖြင့် အခွင့်ကောင်းကို လက်လွှတ်မခံဘဲ ပြည်တွင်း၊ ပြည်ပ စီးပွားရေးအကျိုးအမြတ် အလားအလာကောင်းတွေရှိနေတဲ့သဘာဝရဲ့လက်ဆောင်မွန်ဖြစ်တဲ့ မျှစ်ကိုတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။



# လက်ရွေးစင်အားကစားသမားများနှင့် လူငယ်အားကစားသမားများ အားကစားနည်းအလိုက် လေ့ကျင့်နေမှု ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဒုတိယဝန်ကြီးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)၌ လက်ရွေးစင်အားကစားသမားများနှင့် လူငယ်အားကစားသမားများ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း၊ အားကစားရုံများ၌ အားကစားနည်းအလိုက် စခန်းဝင်လေ့ကျင့်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။



ဦးစွာ ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးခန်းမ(၂) ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ (Gold Camp)မှ လက်ရွေးစင်အားကစားသမားများနှင့် (Youth Camp)မှ လူငယ်အားကစားသမားများ၊ ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီးအားကစားသမားများနှင့် ကွင်းသွင်းခြင်းခတ်အားကစားသမားများ၏လေ့ကျင့်နေမှုကိုလည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ပြေးခုန်ပစ်အားကစားသမားများလေ့ကျင့်နေမှုနှင့် ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ဂျူဒိုအားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး အားကစားနည်းများအလိုက် အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းရှိ စားရိပ်သာတွင် အားကစားသမားများအတွက် တစ်နေ့တာလိုအပ်သည့် အာဟာရကယ်လိုရီပမာဏအတိုင်း အားကစားဆေးဘက်ဆိုင်ရာ ဆရာဝန်၏ စနစ်တကျတွက်ချက်၍ ချက်ပြုတ်ကျွေးမွေးလျက်ရှိသည့် အစားအစာများနှင့် အားကစားသမားများ၏ ညနေစာသုံးဆောင်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ

# စာဆိုဗိမာန်သို့ လာရောက်လေ့လာကြည့်ရှုနိုင်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာ့စာပေယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်သူများလေ့လာမှတ်သားသိရှိနိုင်စေရန် ခေတ်အဆက်ဆက် မြန်မာစာဆိုတော်ကြီးများအား ဂုဏ်ပြုချီးမြှင့်ရာရောက်စေမည့် စာဆိုဗိမာန်ကို ဇူလိုင်လ ၂၅ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့်စနေနေ့များတွင် အများပြည်သူသို့ အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ စာပေဝါသနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်မိဘပြည်သူများအနေဖြင့် အဆိုပါနေ့များတွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ လာရောက်လေ့လာနိုင်ရန် ဖိတ်ခေါ်ထားသည်။

စာဆိုဗိမာန်ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်း ဥယျာဉ်ရပ်ကွက် အမှတ် ၁၈(A)တွင် ဖွင့်လှစ်ထားသည်။ မြဝတီ

# မိုးညှင်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား မျိုးစေ့အိတ်များနှင့်ဓာတ်မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်




မိုးညှင်း ဇူလိုင် ၂၂

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက်ပိုင်းတွင် မိုးညှင်းမြို့နယ် ပင်းဟဲကျေးရွာအုပ်စုမှ တောင်သူများနှင့်သွားရောက်တွေ့ဆုံပြီး တာဝန်ရှိသူများနှင့်အတူ မိုးပဲပုပ်သီးနှံမျိုးစေ့အိတ်များ၊ သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာအိတ်များ၊ ရွက်ဖျန်းမြေဩဇာအိတ်များ၊ ဟင်းသီးဟင်းရွက်မျိုးစေ့အိတ်များကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒေသခံတောင်သူ ဦးကျော်လင်း၏ မိုးစပါးစိုက်ခင်းအတွင်း သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာ အချိုးကျရောစပ်ကြဲပက်ခြင်း တောင်သူအသိပညာပေးကွင်းသရုပ်ပြသမှု၊ နားခါရပ်ကွက် မြို့နယ်စိုက်ပျိုးရေးပညာပေးရှေ့တန်းစခန်း၌ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်ယူရီးယားဓာတ်မြေဩဇာအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချနေမှု၊ မိုးညှင်းမြို့ အုတ်ကျင်းရပ်ကွက်အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုးညှင်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးနေမှု၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျေးရွာမြေငှားဂရန်ပေးအပ်မှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကချင်ရိုးရာမနောကွင်းအတွင်းမှ ယာယီနေရပ်စွန့်ခွာအိမ်ထောင်စုများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး စခန်းရှိ အိမ်ထောင်စု ၁၀၄ စုအတွက် ဆန် ၂၄ ပြည်ပါ အိတ် ၁၀၄ အိတ်နှင့် ဆီ ၁၀၄ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ကာ စခန်းနေမိသားစုများအတွက် ရေစင်နှင့်ရေတင်စက်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ ပြည်နယ်(ပြန်/ဆက်)

# မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းဆောင်ရွက်



ညောင်ရွှေ ဇူလိုင် ၂၂

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလောခရိုင် ညောင်ရွှေမြို့ ရှမ်းရိုးမမွေးမြူရေးဇုန်ရှိ ရှင်းလင်းဆောင်၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် တာဝန်ရှိသူများက ရှမ်းရိုးမမွေးမြူရေးဇုန်(၁)၏ လုပ်ငန်းဆောင်ရွက်မှုများ၊ မွေးမြူရေးလုပ်ငန်းရှင်များက မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်ဒေသခံတောင်သူ ဦးစိုင်းလုံမွေးမြူထားသော အလုံပိတ်အအေးပေးစနစ်ဥစားကြက်မွေးမြူရေးရုံနှင့်တောင်ကြီးမြို့အတက်လမ်း ရှုခင်းသာပန်းခြံအနီးတွင် Welcome To Taunggyi City မီးလင်းဆိုင်းဘုတ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# အိမ်ရှင်ရှမ်းယူနိုက်တက်အသင်း နောက်ကျဂိုးများဖြင့် ဇွဲကပင်အသင်းကိုအနိုင်ယူ

ရန်ကုန် ဇူလိုင် ၂၂

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆) နောက်ဆုံးနေ့ပြိုင်ပွဲဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ဇွဲကပင်အသင်းတို့ ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်ရှမ်းယူနိုက်တက်အသင်းက နောက်ကျဂိုးများဖြင့် ဇွဲကပင်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမပိုင်းပွဲစသည်နှင့် ရှမ်းယူနိုက်တက်အသင်းတိုက်စစ်ဖွင့်ကစားခဲ့ပြီး ဇွဲကပင်အသင်းကလည်း လျင်မြန်သည့်တန်ပြန်တိုက်စစ်ဖြင့် ပြန်လည်ဖိအားပေးကစားခဲ့သည်။ ပွဲကစားချိန် ၇ မိနစ်နှင့် ၉ မိနစ်တို့တွင် ရှမ်းယူနိုက်တက်အသင်း ပြိုင်ဘက်ဂိုးဧရိယာအတွင်း ဆွဲယူဂိုးသွင်းနိုင်ခဲ့ပေမယ့် ဂိုးကံခေခဲ့သည်။ ပွဲကစားချိန် ၁၅ မိနစ်တွင် ပွဲအလှည့်အပြောင်းတစ်ခုအဖြစ် ရှမ်းယူနိုက်တက်အသင်း နောက်တန်းအမှားကနေ ဇွဲကပင်တိုက်စစ်မှူး အိုဖိုရီက အသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူသွားသည်။

တိုက်စစ်ဆင်ကစားနေသည့် ရှမ်းယူနိုက်တက်အသင်း ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက် တိုက်စစ်မြှင့်ကစားခဲ့ရာ ဇွဲကပင်အသင်းနောက်တန်းနှင့်ဂိုးသမားတို့အကြိမ်ကြိမ် ကာကွယ်ဖျက်ထုတ်နိုင်ခဲ့ပေမယ့် ပွဲကစားချိန် ၃၂ မိနစ်တွင် နန်းဖြူဖြူသွယ်၏ ချေပဂိုးကိုကာကွယ်နိုင်ခြင်းမရှိဘဲ ခွင့်ပြုပေးလိုက်ရသည်။ ရှမ်းယူနိုက်တက်အသင်း ဖိအားပေးကစားမှုကို ဟန့်တားကာကွယ်ရင်း ဇွဲကပင်အသင်းပွဲကစားချိန် မိနစ် ၄၀ တွင် ပယ်နယ်တီကန်သွင်းခွင့်ပြုခဲ့ရသော်လည်း ဂိုးသမားဝိုင်းတုန်ချစ်ကာကွယ်နိုင်ခဲ့မှုကြောင့် ဂိုးရရှိခြင်းမရှိဘဲ တစ်ဖက်တစ်ဂိုးစီဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းပြန်စသည်နှင့် ရှမ်းယူနိုက်တက်အသင်း တိုက်စစ်အားမြှင့်ကစားလာသည့်အတွက် ဇွဲကပင်အသင်း တန်ပြန်တိုက်စစ်အတွက် နှစ်ယောက်လောက်သာ ရှေ့တွင်ထားပြီး ကျန်ကစားသမားအားလုံး ခံစစ်အသွင်ဖြင့်ပိတ်ကစားခဲ့ရသည်။ ခံစစ်နှင့် တိုက်စစ်အားပြိုင်မှုတွင် တိုက်စစ်အားကောင်းသည့် ရှမ်းယူနိုက်တက်အသင်းက ပွဲကစားချိန် ၅၂ မိနစ်တွင် လူစားဝင်ကစားသမား သော်တာနှင်းက ဒုတိယဂိုးနှင့် ပွဲကစားချိန် ၆၅ မိနစ်တွင် လူစားဝင်ကစားသမား စန္ဒာအောင်က တတိယဂိုးများသွင်းယူကာ ဇွဲကပင်အသင်းကို အိမ်ကွင်းတွင်အနိုင်ရရှိသွားသည်။




ထို့အတူ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)ပြိုင်ပွဲတစ်ပွဲဖြစ်သည့် သစ္စာအားမာန်အသင်းနှင့် Young Lionesses အသင်းတို့ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ YUSC ကွင်း၌ယှဉ်ပြိုင်ကစားကြရာ သစ္စာအားမာန်အသင်းက လေးဂိုးပြတ်သွင်း၍ အနိုင်ရရှိသွားသည်။ ဝန်းရံ

★ **ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အလံတို့အား အလေးပြုသည်။ ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၊ သံတမန်ဆောင်ဧည့်ခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ngu Anh Duc က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် ပြည်သူများ၏ဆန္ဒနှင့်အညီ ထွက်ပေါ်လာသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့်အစိုးရအဖွဲ့က နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုအပေါ် ဗီယက်နမ်နိုင်ငံအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ယခုထက် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကဏ္ဍများတွင် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ၊ ဗီယက်နမ်နိုင်ငံတွင် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးနှင့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS)ထိပ်သီးအစည်းအဝေးတို့ကို ကျင်းပပြုလုပ်သွားမည့် အခြေအနေနှင့် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်သွားမည့်အခြေအနေ၊ နှစ်နိုင်ငံအကြား ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများမှ တစ်ဆင့် ခရီးသွားကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား နိုင်ငံ့ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်ခဲ့မှုအခြေအနေ၊ နိုင်ငံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအဖြစ် နှစ်နိုင်ငံလွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်သည့် အခြေအနေနှင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ဧည့်ခန်းမဆောင်တော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Ngu Anh Duc တို့ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

PPIB News

# ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့တို့တွင် ဦးစီးဌာနရုံးပေါင်း ၁၁၀ ဖွင့်လှစ် ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများအပါအဝင် အရာထမ်း၊ အမှုထမ်းပေါင်း ၄၀၀၃ ဦးဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၂

ဖလမ်းမြို့နယ်၌ ဦးစီးဌာနရုံးပေါင်း ၃၈ ရုံး ဖွင့်လှစ်နိုင်ပြီဖြစ်ပြီး ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများအပါအဝင် အရာထမ်း၊ အမှုထမ်း ၁၃၉၇ ဦးဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေပြီဖြစ်ကြောင်းနှင့် ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့တို့တွင် ဦးစီးဌာနရုံးပေါင်း ၁၁၀ ဖွင့်လှစ်လျက်ရှိပြီး ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများအပါအဝင် အရာထမ်း၊ အမှုထမ်းပေါင်း ၄၀၀၃ ဦးဖြင့် ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့တွင် ဖလမ်းမြို့ရှိ မီးသတ်တပ်ဖွဲ့ရုံး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ ဝန်ထမ်းများ၏တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာတွင် ရုံးများ၊ ဆေးရုံနှင့်ကျောင်းများ၊ အဆောက်အအုံများပြန်လည်ပြုပြင်/တည်ဆောက်ခြင်း လုပ်ငန်းများအပြင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ သမဝါယမစနစ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဦးစားပေးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များရှင်းလင်းတင်ပြမှုအပေါ် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**မြဝတီ**

# လဟယ်မြို့၌ ဝါးလက်မှုသင်တန်းဖွင့်လှစ်

မုံရွာ ဇူလိုင် ၂၂

လဟယ်မြို့နယ်အတွင်းမှ ဒေသခံ တိုင်းရင်းသား သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး ပါဝင်တက်ရောက်သည့် ဝါးလက်မှုသင်တန်းဖွင့်ပွဲကို ယမန်နေ့က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ နာဂစာပေနှင့်ယဉ်ကျေးမှုခန်းမ၌ ကျင်းပသည်။

သင်တန်းကို ဇူလိုင်လ ၂၁ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတက်ရောက်သည့် ဒေသခံတိုင်းရင်းသားများကို အရည်အသွေးမြင့်ဝါးအခြေခံလက်မှုပစ္စည်းဒီဇိုင်းစုံကို ကိုယ်တိုင်ထုတ်လုပ်နိုင်ရန် စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြပြီး သင်တန်းသား၊ သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လဟယ်မြို့နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကိုကြည့်ရှုပြီး မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားကာ အာဟာရဖြည့်စွက်စာများပေးအပ်သည်။

ထို့နောက် နာဂရိုးရာအဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများထုတ်လုပ်ရောင်းချသည့် MSME လုပ်ငန်းများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

◆ **ကာဇက်စတန်သမ္မတနိုင်ငံမှ**

ဂုဏ်ပြုဆောင်ခန်းမသို့ ရောက်ရှိပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံနှင့် ကာဇက်စတန်သမ္မတနိုင်ငံ အလံတို့အားအလေးပြုသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၊ သံတမန်ဆောင်ဧည့်ခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Margulan Baimukhan က ၎င်း၏ သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား အလှမ်းကွာဝေးသော်လည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာတိုးတက်ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ရွေးကောက်ခံအစိုးရအဖွဲ့မှ နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုအပေါ် ကာဇက်စတန်နိုင်ငံအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ မကြာမီကာလအတွင်း ကာဇက်စတန်နိုင်ငံတွင် ပါလီမန်ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည့် အခြေအနေနှင့် မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများကို လာရောက်လေ့လာနိုင်ရေးဖိတ်ကြားထားရှိမှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုတူးဖော်ထုတ်လုပ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေ၊ ကာဇက်စတန်နိုင်ငံ၌ ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးချိန်တွင် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေ၊ ကာဇက်စတန်နိုင်ငံအနေဖြင့် အလယ်အာရှဒေသတွင်တည်ရှိပြီး တရုတ်နိုင်ငံကိုဖြတ်သန်း၍ မြန်မာနိုင်ငံမှတစ်ဆင့် တောင်အာရှနိုင်ငံများနှင့်အာဆီယံနိုင်ငံများအကြား စီးပွားရေးကူးလူးဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသတွင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ သံတမန်ဆက်ဆံမှုများ ယခုထက် ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Margulan Baimukhan က ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ဧည့်ခန်းမဆောင်တော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

PPIB News



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Jong Ho Bom အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ **နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး . . .**

➢ **ကျောဖုံးမှအဆက်**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်လျက်ရှိမှုနှင့် သံတမန်ဆက်ဆံမှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုများ၊ ကိုရီးယားနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ မူဝါဒများချမှတ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မြဝတီ**

PPIB News

# စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရန် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်နှင့် မျိုးစေ့ချကိရိယာတို့ဖြင့် မိုးစပါးလက်တွေ့သရုပ်ပြစိုက်ပျိုး

**စစ်တွေ ဇူလိုင် ၂၂**

စက်မှုလယ်ယာစိုက်ပျိုးရေးစနစ်ကို ကူးပြောင်းရန်အတွက် လယ်ယာကဏ္ဍ၏ သီးနှံစိုက်ပျိုးသည့် လုပ်ငန်းခွင်များတွင် စက်ကိရိယာများဖြင့် တိုးမြှင့်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ တောင်သူများ လယ်ယာသုံးစက်ကိရိယာများ တိုးတက်အသုံးပြုလာနိုင်ရေးအတွက် ဒေါင်ဖန်းလက်တွန်းထွန်စက်၊ လက်ဆွဲကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာနှင့် ပေါင်းရှင်းတမန်းနှိုးကိရိယာတို့ကို ဝယ်ယူဖြည့်တင်းပေးခဲ့ပြီးဖြစ်ကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ စိုက်ပျိုးရေးမျိုးသန့်ခြံ၌ကျင်းပသည့် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်နှင့် မျိုးစေ့ချကိရိယာတို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပေါင်ပျိုးစနစ်ဖြင့် စပါးပျိုးထောင်မှု၊ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်နှင့် စပါးမျိုးစေ့ချကိရိယာဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးမှုကို ကြည့်ရှုအားပေးပြီး သရုပ်ပြသစိုက်ပျိုးပေးကြသည့် တောင်သူများကို ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing accepts the Letters of Credence of Vietnamese Ambassador



President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with Ambassador of Vietnam Mr. Ngu Anh Duc.

NAY PYI TAW July 22

President of the Republic of the Union of Myanmar U Min Aung Hlaing accepted the Letters of Credence of H.E.Mr. Ngu Anh Duc,the newly-accredited Ambassador of the Socialist Republic of Vietnam to the Republic of the Union of Myanmar, at the Presidential Reception Hall in Nay Pyi Taw at 10 am today.

The Vietnamese Ambassador arrived at the Hall of Honor of the Presidential Reception Hall and paid respect to the State Flag of Myanmar and the State Flag of Vietnam. The Ambassador took the salute of the Guard of Honour which played the anthems of the two countries.

The Ambassador then presented his credentials to President U Min Aung Hlaing at the Credentials Hall of the Presidential Reception Hall.

They then discussed the improving diplomatic relations, friendship and cooperation between Myanmar and Vietnam, successful holding of a multi-party democracy general election in Myanmar, heartfelt congratulations Vietnam has expressed for the emergence of the administration assuming the State duties in accord with the wish of the people, depending of cooperation in trade, investment, and economic development undertakings between the two countries, Vietnam's extension of the regional cooperation and friendship sectors, Vietnam's plans to organize the Cambodia-Laos-Myanmar-Vietnam (CLMV) cooperation summit and Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy(ACMECS) and Myanmar's participation in the summits, development of the tourism sector via friendship between the peoples of the two countries, exchange of visits between the Leaders and senior officials of the two countries, probabilities to promote cooperations between the two parliaments as a political cooperation, and deepening of cooperation in multiple sectors.

After the call, the President and the Vietnamese Ambassador posed for group documentary photos.

Also present at the call together with the President were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, and Director General of the Protocol Department U Thet Tun. The Ambassador was accompanied by his wife and officials.

The Ambassador signed the visitor's book of the Presidential Reception Hall. **Myawady**

# President of the Republic of the Union of Myanmar U Min Aung Hlaing receives Ambassador of the Yangon-Based Embassy of the Democratic People's Republic of Korea

NAY PYI TAW July 22

President of the Republic of the Union of Myanmar U Min Aung Hlaing received a delegation led by Ambassador of the Yangon-Based Embassy of the Democratic People's Republic of Korea H.E. Mr. Jong Ho Bom, who had completed his tour of duties at the Reception Hall of the Presidential Office in Nay Pyi Taw this afternoon.

Also present at the call together with the President were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, and officials. The Ambassador was accompanied by officials of the embassy.

At the call, cordial discussions were centred on the good relations between the two countries, further promotion of diplomatic relations, Myanmar's political developments, Korea's current pace of development and further actions, DPRK's adoption of policies on international relations, and means to further improve friendship and cooperation between the two countries.

After the call, the President and the Ambassador posed for documentary photos together with the attendees. **Myawady**



President of the Republic of the Union of Myanmar U Min Aung Hlaing receives Ambassador Mr. Jong Ho Bom.

# With systematic detonation of 17-storey building used in online scams/gambling in Shwe Kokko Area, a total of 76 illegal residential buildings demolished



Personnel prepare to detonate a 17-storey illegal building used in online scams/gambling in Shwe Kokko Area, Myawady District in Kayin State.



An illegal building used in online scams/gambling in Shwe Kokko Area in Myawady District in Kayin State. (After detonation.)

NAY PYI TAW July 22

Illegal buildings in Shwe Kokko and KK Park in Myawady Township in Kayin State used as bases for online scams/gambling are being permanently demolished and paraphernalia used in them is being systematically destroyed by interdepartmental teams and a 17-storey illegal building in Shwe Kokko was systematically detonated today.

Out of 77 buildings used in online scams/gambling in Shwe Kokko Area, 57 and 20 were respectively designated to be demolished by machinery and to be detonated based on their types and demolition tasks are systematically being carried out. A 17-storey building out of 20 to be detonated was systematically levelled today.

The interdepartmental teams have so far systematically demolished a total of 76 illegal buildings used in committing online scams/gambling and the remaining one illegal building will be knocked down systematically. **100**

# Pyapon Township ships large volumes of giant sea perch fish to Yangon market

PYAPON July 22

From Pyapon Township in Ayeyawady Region, large quantities of giant sea perch fish were sold to the Yangon market according to Daw Kay Khaing, a fishery products trader in Pyapon Township.

From Pyapon Township, a total of 55,000 viss of giant sea perch fish were exported and sold to the Yangon market.

"During the past month alone, we were able to export and sell up to 55,000 viss of giant sea perch fish. The increase in sales was driven by strong demand from the Yangon market. Giant sea perch fish are among the more durable species, making them easier to handle and transport without worrying about damage or spoilage. In addition to giant sea perch fish, trade in other fishery products is also proceeding steadily," said Daw Kay Khaing.

Giant sea perch fish exported from Pyapon Township to the Yangon market are currently priced between Ks-25,500 and Ks-35,000 per viss. The continued export of giant sea perch fish and other fishery products to the Yangon market is benefiting workers and wholesale traders in the sector. **SK**

# Farmers pluck all plantations of chilli in Sagaing District

SAGAING July 22

Hundred percent of chilli plantations were harvested in Sagaing District of Sagaing Region, according to the district Agriculture Department.

During the winter cropping season in Sagaing District, a total of 2,295 acres of chilli were cultivated. Harvesting began in February this year, and as of now, 100 percent of the acreage has been harvested, with yields exceeding 300 viss per acre, according to reports.

"In the winter cropping season in Sagaing District, chilli was cultivated on 2,295 acres. At present, all of the cultivated chilli fields have been fully harvested. The overall condition of chilli cultivation has been good. Efforts were also made to promote chilli as a commercial crop," said Daw Myat Moe Win, Head of the Agriculture Department in Sagaing District.

By township, harvested chilli acreage in Sagaing District includes 1,164 acres in Sagaing Township, 340 acres in Myinmu Township, and 791 acres in Myaung Township, totalling 2,295 acres.

Relevant district and township agriculture department staff have supported chilli farmers by providing technical guidance to improve yields, ensure market access, control pests, and enhance soil fertility.

Production costs from planting to fruiting are estimated at around Ks-1.5 million per acre on owned land and about Ks-2.5 million per acre on leased land. Chilli can be harvested every 15 days and continues producing for up to six months. Initial harvest yields are around 100 viss per acre, increasing to between 400 and 500 viss per acre in subsequent harvests. **SMK**

# Myaung Township plans to cultivate more than 10,000 acres of pigeon pea this year



MYAUNG July 22

Statistics of Sagaing District Agriculture Department stated that local authorities decided to grow 10,001 acres of pigeon pea as monsoon crops in Myaung Township of Sagaing Region this year.

During the 2026-2027 monsoon crop planting season, Myaung Township has targeted the cultivation of 10,001 acres of pigeon pea, with planting scheduled to begin in June and continue through September this year.

"This year, during the monsoon crop planting season, Myaung Township is targeting the cultivation of 10,001 acres of pigeon pea. Efforts will be made to ensure the full target acreage is achieved. Measures are also being taken to improve yields in pigeon pea cultivation. Farmers cultivate pigeon pea both as a standalone crop and as an intercropped crop," said Daw Myat Moe Win, head of the Sagaing District Agriculture Department.

This year, the Township Agriculture Department will provide field-based education and technical assistance to pigeon pea farmers in Myaung Township on selecting quality seeds, applying correct cultivation methods, preventing pest infestations, and improving yields.

The Township Agriculture Department in Myaung Township is also distributing technologies that combine the use of urea and borax in order to reduce farmers' foliar fertilizer costs.

It is reported that the combined use of urea and borax helps reduce cultivation expenses, keeps crops free from pests, and promotes better plant growth. **SMK**

# Tatmadaw columns recapture Kammagyi Village in Khampat Township, temporarily held by terrorists along Kalay-Tamu route

Tatmadaw columns recapture Kammagyi Village in Khampat Township, which was temporarily held by terrorist insurgents.



The seizure of the Christian church in Kammagyi Village.


The seizure of the Kammagyi Village Rural Health Sub-Centre.


The seizure of the village school.

NAY PYI TAW July 22

The Tatmadaw is tirelessly carrying out national defence and security duties, with the utmost sacrifice, to ensure regional stability and peace, public safety, and the socio-economic development of the people. Furthermore, under the guidance of the Government, it is actively collaborating with the local populace on regional development projects. In this regard, intensive efforts are also being made to regain control of and reopen the Kalay-Tamu route, a strategically vital corridor for Myanmar-India border trade.

To regain control of and reopen the Kalay-Tamu route, Tatmadaw columns systematically organized and launched coordinated, phased area security operations in a balanced manner starting from June 7. The military column advancing from Tamu recaptured Yanlinphaing Village and its surrounding areas on June 10. The military column advancing from Kalay successively recaptured and gained control of towns and villages along the Kalay-Tamu route, including Khampat Town on June 20 and Kanan Village, north of Khampat Town, on June 30.

Continuing their relentless, round-the-clock accelerated area security operations to reopen the Kalay-Tamu communication route as quickly as possible, the military column advancing from Khampat further captured Kammagyi (Chin) Village, a temporary base for terrorist insurgents, on July 19, and Kammagyi (Bamar) Village on July 21. During these assaults, engagements broke out with the terrorist insurgents. Arms, ammunition, and related equipment were seized, and it is reported that the terrorist insurgents retreated and fled after suffering heavy casualties.

It has been discovered that while the terrorist insurgents temporarily dominated these villages and the surrounding area, they showed no regard for the interests of the local people and committed the following acts of terrorism: destroying local homes, religious buildings, and public structures; forcibly taking and using household goods and valuables from homes and shops; constructing firing positions, bunkers, trenches, and communication tunnels inside residential houses, thereby drawing battles into the towns and villages; erecting checkpoints on public roads to extort money through bullying and coercion; and planting landmines on the main village roads.

It is reported that the Tatmadaw columns are continuing to accelerate the necessary area security operations to regain full control and reopen the vital Kalay-Tamu communication route, which is crucial for the socio-economic development of the local people and the regional flow of goods, at the earliest opportunity. Moreover, responsible officials from relevant departments, in cooperation with local residents, will carry out necessary repair works on basic infrastructure damaged by the actions of the terrorists.

100




Defensive positions set up inside the village by the terrorist insurgents.


Defensive positions set up inside the village by the terrorist insurgents.



A checkpoint constructed by terrorist insurgents at the entrance to Kammagyi Village.

# Ambassador of the Republic of Kazakhstan presents Credentials to H.E. U Min Aung Hlaing, President of the Republic of the Union of Myanmar

NAY PYI TAW July 22

H.E. Mr. Margulan Baimukhan, Ambassador Extraordinary and Plenipotentiary Designate of the Republic of Kazakhstan to the Republic of the Union of Myanmar, presented his Credentials to H.E. U Min Aung Hlaing, President of the Republic of the Union of Myanmar, at the Credentials Hall of the Presidential Office in Nay Pyi Taw at 11:00 am today.

First, the Ambassador of the Republic of Kazakhstan to Myanmar arrived at the Honor Hall of the Credentials Hall at the President's Office and paid respects to the State Flag of the Republic of the Union of Myanmar and State Flag of the Republic of Kazakhstan. The Ambassador then received the salute of the Guard of Honor, after which the Guard of Honor played the national anthems of both countries.

Thereafter, at the Diplomatic Reception Hall of the President's Office, the Ambassador presented his Credentials to H.E. U Min Aung Hlaing, President of the Republic of the Union of Myanmar.



President of the Republic of the Union of Myanmar U Min Aung Hlaing receives Ambassador of Kazakhstan Mr. Margulan Baimukhan.

Subsequently, both sides cordially discussed the steady enhancement and strengthening of bilateral cooperation and friendly relations despite the geographical distance between Myanmar and Kazakhstan; Kazakhstan's congratulations on the successful holding of the free and fair multi-party democratic general election in Myanmar and on the assumption of State duties by the elected government led by President U Min Aung Hlaing; the upcoming parliamentary elections to be held in Kazakhstan and the invitation extended to officials from the Union Election Commission of Myanmar to observe them; the promotion of bilateral cooperation in the sectors of trade, economy, agriculture, mining, education, health, digital technology, and transport; the enhancement of parliamentary cooperation between the two nations following the Kazakh elections; Kazakhstan's location in Central Asia and the potential to expand economic interactions with South Asian and ASEAN countries through Myanmar via China; Myanmar's efforts to further advance its international relations as well as its friendly ties with regional nations and ASEAN member states; and the further elevation of bilateral friendship, cooperation, and diplomatic relations.

Following the meeting, the President and the Ambassador of the Republic of Kazakhstan to Myanmar took a group documentary photograph.

The ceremony to present Credentials was attended by Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, and Director-General of the Protocol Department U Thet Htun, along with the Ambassador of the Re-public of Kazakhstan to Myanmar and relevant officials.

Afterwards, the Ambassador of the Republic of Kazakhstan to Myanmar signed the guestbook at the Credentials Hall of the Presidential Office. **Myawady**

# Ambassador of the People's Republic of China to Myanmar calls on Commander-in-Chief of Defence Services General Ye Win Oo



Commander-in-Chief of Defence Services General Ye Win Oo receives Ambassador of the People's Republic of China to Myanmar Ms. Ma Jia.

NAY PYI TAW July 22

Commander-in-Chief of Defence Services General Ye Win Oo received Ambassador of the People's Republic of China to Myanmar H.E. Ms. Ma Jia at the hall of the Bayintnaung Villa in Nay Pyi Taw this afternoon.

Also present at the meeting together with the General were senior military officers from the Office of the Commander-in-Chief. The Chinese Ambassador was accompanied by the Counsellor, the Military Attache of China to Myanmar and officials from the embassy.

At the meeting, they cordially exchanged views on promotion of Pauk-Phaw relations and strategic cooperation between the two countries, cooperation in peace, stability and regional development in border regions, invitation extended by the government to armed insurgent groups to join peace talks, holding internal peace dialogues, Myanmar's efforts in combatting illicit drug trafficking as a national duty while narcotic drugs pose a threat to all of humanity worldwide, cooperation with regional countries including neighbouring countries to eradicate online scams and gambling activities, and sectoral cooperation including technology and information between the two armed forces.

After the meeting, the General and the Ambassador had documentary photos taken. **100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်

၁။ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် မသမာသောနည်းလမ်းများကိုအသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများပြုလုပ်ထားပါက ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင် ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိရပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့်လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ပြည်သူသို့အသိပေးပန်ကြားချက်အဖြစ် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ မသမာသောနည်းလမ်းများကိုအသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲနေသူများမှ သက်ဆိုင်ရာဌာနအသီးသီးသို့ ဆက်သွယ်အသိပေးလျက်ရှိနေကြပြီဖြစ်ရာ အောက်ပါအတိုင်း ဖြေလျှော့ပေးလျက်ရှိပါသည်-

(က) ဓာတ်အားဖြတ်တောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

( ခ ) ဒဏ်ကြေးငွေကျပ် ၃၀၀,၀၀၀/- တောင်းခံခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

( ဂ ) ၂၀၁၄ ခုနှစ်၊ လျှပ်စစ်ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဃ) တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများအတွက် လျော်ကြေးငွေတွက်ချက်ရာတွင် မူလသတ်မှတ်ချက်၏ ၅၀ % ကိုသာကောက်ခံခြင်း၊

၃။ လျှပ်စစ်ဓာတ်အား တရားမဝင်ရယူသုံးစွဲမှုများလျော့နည်းပပျောက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ပြည်သူများသို့ ပိုမို၍တိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ ပြည်သူများအနေဖြင့် ကိုယ်ချင်းစာစိတ်များဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚C | / | ၂၉˚C |
| ရန်ကုန် | ၂၃˚C | / | ၃၁˚C |
| မန္တလေး | ၂၆˚C | / | ၃၇˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင် ၁၇ ထပ် အဆောက်အအုံ ၁ လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၆ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။





ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၁၇) ထပ်အဆောက်အအုံ

ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေပုံ



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၁၇) ထပ်အဆောက်အအုံ

ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးနေပုံ



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၁၇) ထပ်အဆောက်အအုံ

မဖြိုဖျက်မီ



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၁၇) ထပ်အဆောက်အအုံ

ဖြိုဖျက်ပြီးပုံ



နေပြည်တော် ဇူလိုင် ၂၂


အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၇ ထပ် အဆောက်အအုံ ၁ လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့်အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၂၀ လုံးအနက် ၁၇ ထပ် အဆောက်အအုံ ၁ လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၇၆ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အသံဆူညံမှုနည်းပါးပြီးပိုမိုမြန်ဆန်စေမယ့် ယာဉ်ပျံအသစ်




တောင်ကိုရီးယားနိုင်ငံရဲ့ လျှပ်စစ်ယာဉ်နည်းပညာကုမ္ပဏီတစ်ခုဖြစ်တဲ့ Saean R&D ဟာ ပန်ကာတပ်ယာဉ်ပျံတွေရဲ့ အသံကျယ်လောင်မှုနဲ့ အမြန်နှုန်းကန့်သတ်ချက်တွေကိုဖြေရှင်းပေးနိုင်မယ့် Air-jet တွန်းကန်အားစနစ်အတွက် မူပိုင်ခွင့်ရရှိသွားပြီဖြစ်တဲ့အတွက် သူတို့ရဲ့ယာဉ်ပျံအသစ်က အသံဆူညံမှုနည်းပါးပြီး ပိုမိုမြန်ဆန်စေမှာဖြစ်ပါတယ်။

မြို့ပြဝေဟင်သွားလာရေးဈေးကွက်ဟာ ၂၀၄၀ ပြည့်နှစ်အရောက်မှာ ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံအထိ ကြီးထွားလာမယ်လို့ Morgan Stanley အဖွဲ့က ခန့်မှန်းထားပါတယ်။ ဒီဈေးကွက်မှာ ယှဉ်ပြိုင်နိုင်ဖို့ Saean R&D က စက်ပိုင်းဆိုင်ရာ ကြွခိုင်မှု၊ တွန်းကန်အားစွမ်းဆောင်ရည်နဲ့ အသံဆူညံမှုလျှော့ချရေးတို့ပါဝင်တဲ့ နည်းပညာအသစ်ကို မူပိုင်ခွင့်ရယူလိုက်တာပါ။

ဒီမူပိုင်ခွင့်မှာ ပန်ကာတွေကို အသံလုံတဲ့အိမ်အတွင်းထဲ ထည့်သွင်းထားတာမို့ မြို့ပေါ်မှာပျံသန်းတဲ့အခါ ဒရုန်းသံလို ဆူညံသံတွေကို အများကြီးလျှော့ချပေးနိုင်မှာပါ။ ဒါ့အပြင် လေဝင်လေထွက်စနစ်နဲ့ ဘက်ထရီစွမ်းအင်သုံးစွဲမှုကို သက်သာစေမယ့်နည်းပညာတွေပါဝင်ပါတယ်။ Saean R&D ဟာ ယခုနည်းပညာနဲ့ ကမ္ဘာ့ UAM ဈေးကွက်မှာ နေရာယူဖို့ ပြင်ဆင်နေတာဖြစ်ပြီး တစ်ချိန်တည်းမှာ အမေရိကန်ကုမ္ပဏီများကလည်း အဆင့်မြင့်တဲ့ ယာဉ်ပျံများကိုဖန်တီးဖို့ ကြိုးပမ်းလုပ်ဆောင်နေပါတယ်။**Ref: IE**

**ကိုထက်**

# Range Rover က Coupe-SUV အသစ် Range Rover GT ကိုမိတ်ဆက်




Range Rover က သူတို့ရဲ့ခန့်ထည်လှတဲ့ လေးထောင့်ဆန်ဆန် သမားရိုးကျဇိမ်ခံ SUV ပုံစံကနေခွဲထွက်ပြီး ပြိုင်ကားပုံစံဆန်တဲ့ လျှပ်စစ်စွမ်းအင်သုံး Coupe-SUV အသစ်ဖြစ်တဲ့ Range Rover GT ကို မိတ်ဆက်လိုက်ပါတယ်။ အလျား ၄၈၀၀ မီလီမီတာရှိ ဒီ GT မော်ဒယ်မှာ ဘီးဝင်ရိုးတွေကြားထဲ ၇၃၆ ကီလိုဂရမ်လေးတဲ့ 120 kWh ရှိဘက်ထရီအိုးကို ပြားချပ်နေအောင် တပ်ဆင်ထားတာပါ။ ဒါကြောင့် ကားရဲ့ဗဟိုဆွဲအားနိမ့်ဆင်းသွားပြီး တည်ငြိမ်မှုရှိတဲ့ မောင်းနှင်မှုအတွေ့အကြုံကိုပေးစွမ်းနိုင်မှာပါ။

အတွင်းပိုင်းမှာက Reductive Design ဆိုတဲ့ လျှော့ချရေးဒီဇိုင်းသဘောတရားကို သုံးထားပြီး ခလုတ်အနည်းငယ်ကလွဲရင် ကျန်တဲ့ထိန်းချုပ်မှုကို Conversational AI စနစ်နဲ့ပဲခိုင်းစေရမှာပါ။ ၁၃ လက်မ OLED Touchscreen မျက်နှာပြင်၊ စတီယာရင်ရဲ့နောက်မှာ Digital Display နဲ့ Head-Up Display တို့ပါဝင်ပါတယ်။ နောက်ဘက်ထိုင်ခုံတန်းမှာ ခြေချစရာနေရာအကျယ်က ၂၀၃ မီလီမီတာရှိတာမို့ ပြိုင်ဘက် BMW iX3 နဲ့ Volvo EX60 တို့ထက် ပိုကျယ်ပါတယ်။

Range Rover GT ကို JLR ရဲ့ နည်းပညာအသစ် Electric Modular Architecture (EMA) ပလက်ဖောင်းပေါ်မှာ အခြေခံထားပြီး Somerset က Tata စက်ရုံထွက် Prismatic Cells ဘက်ထရီတွေကို သုံးထားပါတယ်။ 800V လျှပ်စစ်စနစ်ပါတာမို့ တစ်ကြိမ်အားသွင်းထားရင် မိုင် ၅၀၀ လောက်မောင်းလို့ရမှာဖြစ်ပြီး မြင်းကောင်ရေ ၅၄၂ ကောင်အားထွက်ရှိမှာဖြစ်ပါတယ်။ **Ref: EA**

**ကိုထက်**

# ရေငုပ်သင်္ဘောကိုအချိန်ကြာကြာငုပ်နိုင်စေမယ့်ဘက်ထရီနည်းပညာ




ရေငုပ်သင်္ဘောတွေရဲ့ ရေအောက်ခရီးစဉ်နဲ့ စစ်ဆင်ရေးစွမ်းရည်ကို သိသိသာသာ မြှင့်တင်ပေးနိုင်ဖို့အတွက် ပြင်သစ် Total Energies ရဲ့လက်အောက်ခံ ဘက်ထရီနည်းပညာကုမ္ပဏီ Saft ဟာ စစ်သင်္ဘောများတည်ဆောက်ရေး ကုမ္ပဏီကြီးဖြစ်တဲ့ Naval Group နဲ့ စာချုပ်ချုပ်ဆိုလိုက်ပါတယ်။ ဒီစာချုပ်အရ Barracuda နဲ့ Scorpene အမျိုးအစားရေငုပ်သင်္ဘောတွေမှာ အဆင့်မြင့် လီသီယံအိုင်းယွန်းဘက်ထရီစနစ်ကို ပြောင်းလဲတပ်ဆင်သွားမှာပါ။

နည်းပညာပိုင်းအရကြည့်ရင် ရေငုပ်သင်္ဘောတွေမှာ အသုံးပြုခဲ့တဲ့ ခဲ-အက်စစ်ဘက်ထရီတွေဟာစိတ်ချရပေမယ့် စွမ်းအင်သိုလှောင်နိုင်စွမ်းနည်းပြီး လေးလံလွန်းတာကြောင့် ရေအောက်မှာကြာကြာငုပ်လျှိုးနိုင်စွမ်းကို ကန့်သတ်ထားသလို အားပြန်သွင်းချိန်လည်း အတော်လေးကြာပါတယ်။

အခု Saft က ထုတ်လုပ်လိုက်တဲ့ ဘက်ထရီစနစ်ကတော့ ကားတွေထက် ပိုတင်းကျပ်တဲ့ စစ်ဘက်ဆိုင်ရာ စံချိန်စံညွှန်းတွေကိုပြည့်မီအောင် လျှပ်စစ်ဓာတုဗေဒနည်းပညာကနေစပြီး ကိုယ်ပိုင်သုတေသနပြုဖန်တီးထားတာပါ။ ဒီဘက်ထရီအသစ်ဟာ နေရာယူမှုနည်းပါးပေမယ့် စွမ်းအင်သိုလှောင်နိုင်စွမ်း ပိုမိုမြင့်မားတာကြောင့် ရေငုပ်သင်္ဘောအနေနဲ့ရေအောက်မှာ ပိုမိုကြာရှည်ငုပ်လျှိုးနိုင်မှာဖြစ်သလို အားပြန်သွင်းရတာလည်း ပိုမြန်ပြီးမလိုလားအပ်တဲ့ စက်ပိုင်းဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းတွေကိုလည်းလျှော့ချပေးနိုင်စေမှာဖြစ်တယ်လို့ဆိုပါတယ်။ **Ref: IE**

**ကိုထက်**

# ဟာပီးဗိုင်းရပ်ကူးစက်မှုက အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို ပိုမိုမြန်ဆန်လာစေနိုင်



ဟာပီးဗိုင်းရပ်ကူးစက်မှုက အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို ပိုမိုမြန်ဆန်လာစေနိုင်တယ်လို့ သုတေသနအသစ်တစ်ခုမှာတွေ့ရှိထားပါတယ်၊ သုတေသီတွေက ကြွက်တွေနဲ့စမ်းသပ်မှုလုပ်ရာမှာ ဒီဗိုင်းရပ်ကူးစက်ခံရခြင်းဟာ အယ်ဇိုင်းမားရောဂါဖြစ်ပွားဖို့ လက္ခဏာရှိပြီးသားကြွက်ရဲ့ မှတ်ဉာဏ်ချို့ယွင်းမှုနဲ့ တခြားရောဂါဆိုင်ရာပြောင်းလဲမှုတွေကို ပိုမိုမြန်ဆန်ဆိုးရွားစေတယ်လို့ တွေ့ရှိခဲ့ကြတာဖြစ်ပါတယ်။

ဒီလိုမျိုးထိခိုက်ပျက်စီးမှုဟာ ဗိုင်းရပ်ကိုယ်တိုင်ကြောင့်မဟုတ်ဘဲ ဗိုင်းရပ်ကိုထိန်းချုပ်ဖို့ ခန္ဓာကိုယ်ရဲ့ခုခံအားစနစ်က ရေရှည်ကြိုးပမ်းရာကနေ ဖြစ်ပေါ်လာတာလို့ယူဆရပါတယ်။ အခုလိုတွေ့ရှိချက်ဟာ အဖြစ်များတဲ့ဗိုင်းရပ်ကူးစက်မှုနဲ့ အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်မားမှုကြားထဲက ဆက်စပ်မှုကို ဇီဝဗေဒဆိုင်ရာ အကြောင်းပြချက်တစ်ခုအနေနဲ့ အဖြေထုတ်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ဟာပီးဗိုင်းရပ်ဆိုတာက ရေယုန်ရောဂါ၊ ကလေးဘဝ ကူးစက်ရောဂါများနဲ့ အကျိတ်ရောင်အဖျားရောဂါအချို့ကို ဖြစ်စေနိုင်တဲ့ ဗိုင်းရပ်အုပ်စုကြီးတစ်ခုဖြစ်ပါတယ်။ ရောဂါလက္ခဏာတွေ ပျောက်ကွယ်သွားပြီးတဲ့နောက်မှာလည်း ဗိုင်းရပ်ကခန္ဓာကိုယ်ထဲမှာ ငုပ်လျှိုးကျန်ရစ်ခဲ့ပြီး နောက်ပိုင်းမှပြန်လည်ကြွလာကာ ခုခံအားစနစ်ကို မကြာခဏလှုံ့ဆော်လာစေတာဖြစ်ပြီး ဒီလိုအခြေအနေကြောင့် အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို ပိုမိုမြန်ဆန်စေတာဖြစ်ပါတယ်။ **Ref: STD**

**ကိုထက်**

# Samsung က Galaxy Z Flip8 ဖုန်းအသစ်ကိုမိတ်ဆက်



Samsung က ခေါက်ဖုန်းအသစ်ဖြစ်တဲ့ Galaxy Z Flip8 ကို လန်ဒန်မြို့မှာ ပြုလုပ်တဲ့ Unpacked ပွဲမှာ တရားဝင် မိတ်ဆက်လိုက်ပါပြီ။ ယခု Z Flip8 ဟာ ဒီဇိုင်းပိုင်းမှာတော့ အရင်မော်ဒယ်အတိုင်း ရုပ်ထွက်တူပေမယ့် Chipset ပိုင်းမှာ အဆင့်မြှင့်ထားတာပါ။ အမေရိကန်ဈေးကွက်အတွက် Snapdragon 8 Elite Gen 5 for Galaxy ကို သုံးပေးထားပြီး ကျန်တဲ့ဒေသတွေအတွက်တော့ Exynos 2600 Chipset ကို ပြောင်းလဲတပ်ဆင်ပေးထားပါတယ်။

မျက်နှာပြင်ပိုင်းမှာတော့ အတွင်းဘက်မျက်နှာပြင်အတွက် ၆ ဒသမ ၉ လက်မရှိတဲ့ Dynamic AMOLED 2X (120Hz refresh rate, Full-HD+) ဖန်သားပြင်ပါဝင်ပြီး အပြင်ဘက် Cover မျက်နှာပြင်အတွက် ၄ ဒသမ ၁ လက်မရှိတဲ့ AMOLED (120Hz refresh rate) ဖန်သားပြင်ပါဝင်ပါတယ်။ ကင်မရာပိုင်းမှာ OIS စနစ်ပါတဲ့ 50MP ပင်မကင်မရာနဲ့ 12MP Ultrawide ကင်မရာတို့ကို နောက်ဘက်မှာ တပ်ဆင်ထားပြီး အတွင်းမှာတော့ 10MP Selfie ကင်မရာပါဝင်ပါတယ်။ ဘက်ထရီပမာဏက အရင်အတိုင်း 4300mAh ဖြစ်ပြီး 25W ကြိုးတပ်အားသွင်းစနစ်နဲ့ 15W ကြိုးမဲ့ အားသွင်းစနစ်တွေကို ထောက်ပံ့ပေးထားပါတယ်။ Software ပိုင်းမှာ Android 17 ကို အခြေခံထားတဲ့ One UI 9 စနစ်ကိုအသုံးပြုထားပေးတာဖြစ်ပါတယ်။ **Ref: GA**

**ကိုထက်**

# လျှို့ဝှက်နျူကလီးယား စခန်းရှိသည်ဟူသော စွပ်စွဲချက်ကို အီရန်အစိုးရငြင်းဆို

**တီဟီရန်၊ စစ်ရေး**

အီရန်နိုင်ငံ အစ္စဖာဟန်ပြည်နယ်ရှိ ကူလန်းတောင်တန်းတွင် လျှို့ဝှက်နျူကလီးယားစခန်းတစ်ခု ရှိနေသည်ဆိုသည့် စွပ်စွဲပြောဆိုချက်များကို အီရန်အစိုးရက ဇူလိုင်လ ၂၂ ရက်တွင် ငြင်းဆိုလိုက်သည်။ အမေရိကန်သမ္မတ ထရမ့်က ထိုလျှို့ဝှက်နျူကလီးယားစခန်းနေရာကို မကြာမီ စစ်ရေးအရတိုက်ခိုက်မည်ဟု ဇူလိုင်လ ၂၁ ရက်တွင် ခြိမ်းခြောက်ပြောဆိုပြီးနောက် အီရန်ဘက်က ယခုကဲ့သို့တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်စမေးဘာကေးက အီရန်၏ နျူကလီးယားလုပ်ငန်းစဉ်များကို အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ထံ စနစ်တကျအကြောင်းကြားထားပြီးဖြစ်ကြောင်းနှင့် အမေရိကန်အစိုးရ၏ စွပ်စွဲချက်များသည် ကျူးကျော်တိုက်ခိုက်ရန် ဖန်တီးထားသည့် ဆင်ခြေမျှသာဖြစ်ကြောင်း ပြောထားသည်ဟုသတင်းဌာနများကဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (IRGC) က အမေရိကန်၏တိုက်ခိုက်မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် ဂျော်ဒန်နိုင်ငံရှိ King Faisal နှင့် Prince Hassan လေတပ်စခန်းများကိုတိုက်ခိုက်ရာ အမေရိကန်၏စစ်သုံးရဟတ်ယာဉ်များနှင့် ဒရုန်းများပျက်စီးပြီး ထိခိုက်သေဆုံးမှုများရှိကြောင်း ထုတ်ပြန်ထားသည်။ အလားတူ အီရန်စစ်ဘက်ကလည်း ဘာရိန်းနှင့် ကူဝိတ်ရှိ အမေရိကန်စခန်းများကို တိုက်ခိုက်ခဲ့ကြောင်း ဆိုသည်။

အမေရိကန်အလယ်ပိုင်းဒေသစစ်ဌာနချုပ်ကမူ အီရန်၏စစ်ရေးပစ်မှတ်များနှင့် ဒရုန်းဂိုဒေါင်များကို ၁၁ ရက်မြောက်အဖြစ် ဆက်လက်တိုက်ခိုက်ခဲ့ကြောင်း အတည်ပြုခဲ့သည်။ အီရန်ဘက်ကမူ ၎င်းတို့၏ နျူကလီးယားစခန်းများ တိုက်ခိုက်ခံရပါက ဒေသတွင်းရှိအမေရိကန်နှင့် မဟာမိတ်များ၏ အကျိုးစီးပွားများကို တိုးမြှင့်တိုက်ခိုက်သွားမည်ဟု သတိပေးထားကြောင်းသိရသည်။

Ref: Xinhua

# အီဘိုလာဗိုင်းရပ်ကူးစက်ပြန့်ပွားမှုတွင် သေဆုံးသူ ၁၀၀၀ ကျော်လွန်လာ



**ကင်ရှာဆာ၊ ကျန်းမာရေး**

အာဖရိကဒေသ၌ လက်ရှိဖြစ်ပွားလျက်ရှိသော အီဘိုလာဗိုင်းရပ်ကူးစက်ပြန့်ပွားမှုအတွင်း သေဆုံးသူအရေအတွက်သည် ၁၀၀၀ ကျော်သွားပြီဖြစ်ကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့မှကျန်းမာရေးတာဝန်ရှိသူများ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ကွန်ဂိုနိုင်ငံ၌ ဇူလိုင်လ ၂၀ ရက်အထိ အီဘိုလာအတည်ပြုလူနာ ၂၄၇၃ ဦးရှိပြီး သေဆုံးသူ ၉၉၉ ဦးအထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။ အလားတူ ယူဂန်ဒါနိုင်ငံတွင်လည်း အတည်ပြုလူနာအယောက် ၂၀ အနက် နှစ်ဦးသေဆုံးသဖြင့် နှစ်နိုင်ငံပေါင်း သေဆုံးသူ ၁၀၀၁ ဦးအထိ ရှိလာခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ညွှန်ကြားရေးမှူးချုပ်က ယခုအကြိမ် အီဘိုလာကူးစက်မှုသည် စံချိန်တင်အဆိုးရွားဆုံး အီဘိုလာဖြစ်စဉ်များအနက် တတိယမြောက်အကြီးမားဆုံးဖြစ်လာပြီး လွန်ခဲ့သည့်တစ်လအတွင်း ရောဂါပြန့်ပွားမှုနှုန်းမှာ ယခင်ဖြစ်စဉ်များထက် ပိုမိုမြန်ဆန်လာကြောင်း ပြောထားသည်။

အာဖရိကရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးစင်တာ ညွှန်ကြားရေးမှူးချုပ်ကလည်း ရောဂါကူးစက်မှုကို အလျင်အမြန် မထိန်းချုပ်နိုင်ပါက ပိုမိုဆိုးရွားသည့်အခြေအနေသို့ ရောက်ရှိသွားနိုင်ကြောင်း သတိပေးထားသည်။

Ref: Xinhua

# ထိုင်းက ကမ္ဘောဒီးယားနယ်စပ်တွင် ခြံစည်းရိုး စတင်စိုက်ထူ

**ဖုန်နမ်ရွှန်၊ နိုင်ငံရေး**

၂၀၂၅ ခုနှစ်အတွင်းတိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားမှုအပြီး ကမ္ဘောဒီးယားနိုင်ငံနှင့် နယ်စပ်တင်းမာမှုများဆက်ရှိနေစဉ် ထိုင်းနိုင်ငံက ကမ္ဘောဒီးယားနှင့်နယ်စပ်တစ်လျှောက်၌ ပထမဆုံးနယ်စပ်ခြံစည်းရိုးအပိုင်းကို တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း ဇူလိုင်လ ၂၂ ရက်တွင် ထုတ်ပြန်သည်။

သံဆူးကြိုးများ၊ သံဆန်ခါများနှင့် ခိုင်ခံ့သောကွန်ကရစ်တိုင်များဖြင့် ပြုလုပ်ထားသည့် ဖုန်နမ်ရွှန်ခရိုင်ရှိ အရှည် ၁ ဒသမ ၃ ကီလိုမီတာရှိခြံစည်းရိုးသည် ရေရှည်လုံခြုံရေးအတွက်ရည်ရွယ်ကာ ကြံ့ခိုင်မှုရှိရှိတည်ဆောက်ထားခြင်းဖြစ်ပြီး လက်နက်ငယ်ပစ်ခတ်မှုများကိုကာကွယ်နိုင်ကြောင်း ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတင်းထောက်များကို ပြောကြားသည်။

ထို့ပြင် ၈၁၇ ကီလိုမီတာရှည်လျားသည့် နယ်စပ်တစ်လျှောက် မြေပြင်အနေအထား ခွင့်ပြုသည့်နေရာများတွင်အလားတူခြံစည်းရိုးကို အရှည် ၇ ကီလိုမီတာကျော် ထပ်မံတိုးချဲ့တည်ဆောက်ရန် စီစဉ်နေကြောင်း ၎င်းကဆိုသည်။ ၂၀၂၅ ခုနှစ် ဇူလိုင်လနှင့်ဒီဇင်ဘာလတို့အတွင်းဖြစ်ပွားခဲ့သော နယ်မြေပိုင်ဆိုင်မှုအငြင်းပွားဖွယ်ရာများမှတစ်ဆင့် လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများအထိပါဝင်သည့်တိုက်ပွဲများဖြစ်ပွားခဲ့ရာ လူ ၁၅၀ နီးပါး သေဆုံးပြီး မိသားစု ၃ သိန်းခန့်နေရပ်စွန့်ခွာရသည်။

Ref: Xinhua



# အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ ရုတ်တရက်ရေကြီးမှုများကြောင့် လူ ၄၀ ကျော်သေဆုံး

**နယူးယောက်၊ ရာသီဥတု**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ ဒေသများစွာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လူ ၄၀ ကျော်သေဆုံးပြီး အများအပြားဒဏ်ရာရရှိကာ အချို့မှာလည်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂနှင့် ဒေသတွင်းသတင်းဌာနများက ဇူလိုင်လ ၂၂ ရက်တွင် ထုတ်ပြန်လိုက်သည်။



အဆိုပါ ရေကြီးရေလျှံမှုကြောင့် နေအိမ်များ၊ အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် စီးပွားရေးလုပ်ငန်းအမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့ရပြီး ရေဘေးသင့်ဒေသများ၌ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နေကြောင်း သတင်းဌာနများ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကုလသမဂ္ဂနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မဟာမိတ်အဖွဲ့အစည်းများသည် သဘာဝဘေးဒဏ်သင့်မိသားစုများအတွက် ယာယီခိုလှုံရာစခန်းများ၊ အစားအသောက်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အရေးပေါ်အကူအညီများကို ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေသည်။

သို့သော်လည်း လမ်းတံတားများပျက်စီးခြင်းနှင့် သွားလာရခက်ခဲသည့် မြေပြင်အနေအထားတို့ကြောင့် အဆိုးရွားဆုံးထိခိုက်ခဲ့သည့် ရေဘေးသင့်ဒေသအချို့ထံ ကူညီကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးပစ္စည်းများရောက်ရှိရန်မှာမူ များစွာသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref: Xinhua

# အိုဒက်ဆာဒေသရှိ ယူကရိန်းပစ်မှတ်များကို ရုရှားတိုက်ခိုက်

**မော်စကို၊ စစ်ရေး**

အိုဒက်ဆာဒေသရှိယူကရိန်း၏ စစ်ဘက်ပစ်မှတ်များကို ဇူလိုင်လ ၂၁ ရက်ညပိုင်းတွင်တိုက်ခိုက်မှုများ ပြုလုပ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင်လ ၂၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ထိုတိုက်ခိုက်မှုတွင် တိကျမှုရှိသော ဝေဟင်ပစ်၊ မြေပြင်ပစ်လက်နက်များနှင့် တိုက်ခိုက်ရေးဒရုန်းများ အသုံးပြုခဲ့ပြီး ပင်လယ်ပြင်အတွင်း မောင်းနှင်နေသည့် သင်္ဘောနှစ်စင်း၊ ဆိပ်ကမ်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စက်သုံးဆီသိုလှောင်ရုံများနှင့် ကမ်းရိုးတန်းဒုံးကျည်စခန်းတစ်ခုတို့ကိုထိမှန်ကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အိုဒက်ဆာဆိပ်ကမ်းရှိစစ်ဘက်ဆိုင်ရာ ကုန်ပစ္စည်းများနှင့် စက်သုံးဆီသိုလှောင်ရုံများအပြင်မြို့အတွင်းရှိ ထောက်ပံ့ပို့ဆောင်ရေးစင်တာတစ်ခုနှင့် အိုဒက်ဆာမြို့အနောက်မြောက်ဘက်ရှိ Neptune-2 ကမ်းရိုးတန်း ဒုံးကျည်စခန်းတစ်ခုကိုပါ ဖျက်ဆီးနိုင်သည်ဟု ရုရှားဘက်က ဆိုသည်။

Ref: RT

# ရှီကျင့်ဖျင်၏ခရီးစဉ်အတွက် ဝမ်ယီနှင့်ရူဘီယိုတို့ဆွေးနွေး

**မနီလာ၊ နိုင်ငံရေး**

စက်တင်ဘာလတွင် အမေရိကန်နိုင်ငံသို့သွားမည့် တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်၏ခရီးစဉ်အတွက် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုတို့က ဇူလိုင်လ ၂၂ ရက်တွင်ဆွေးနွေးကြောင်းသိရသည်။

ဝမ်ယီနှင့်ရူဘီယိုတို့က ဖိလစ်ပိုင်နိုင်ငံ၌တွေ့ဆုံစဉ် ယခုကဲ့သို့ဆွေးနွေးခြင်းဖြစ်ပြီး ထိုသို့ဆွေးနွေးရာတွင် တရုတ်သမ္မတရှီကျင့်ဖျင်၏ အလွန်အပြုသဘောဆောင်သော ခရီးစဉ်အတွင်း နှစ်နိုင်ငံကြားဆွေးနွေးမည့်အကြောင်းအရာများကို အဓိကထားဆွေးနွေးမှုလုပ်ဆောင်ကြောင်း ရူဘီယိုကပြောသည်။

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား အလွန်ကွဲပြားခြားနားသည့် နယ်ပယ်များစွာရှိသော်လည်း ထိုသို့သောကွဲပြားခြားနားမှုများကိုကျော်ဖြတ်၍ အတူတကွ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆိုပါကွဲပြားခြားနားမှုများက အချိန်အတိုင်းအတာတစ်ခုအထိဆက်ရှိနေမည်ဖြစ်ကြောင်း ရူဘီယိုကပြောသည်။ Ref: AGC

▲ ကျောဖုံးမှအဆက်

နားလည်သဘောပေါက်လာသည့် KNLA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၁၉ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြရာ ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA –1 သေနတ် ၁ လက်၊ MA –4 သေနတ် ၁ လက်၊ M–79 သေနတ် ၁ လက်၊ အီနာဂါဗုံးသီး ၁ လုံး၊ လက်ပစ်ဗုံး ၃ လုံး၊ ၅ ဒသမ ၅၆ မမကျည် ၉၅ တောင့်၊ ကျည်အိမ် ၄ ခုနှင့် စနက်တံ ၁ ချောင်းတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးကလက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၃ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၅၀၊ အီနာဂါဗုံးသီး ၁ လုံးအတွက် ဆုကြေးငွေကျပ် ၃ သိန်း၊ လက်ပစ်ဗုံး ၃ လုံးအတွက် ဆုကြေးငွေကျပ် ၉ သိန်းနှင့် အလင်းဝင်ရောက်လာသူ ၁၉ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် ၃ သိန်းစီ ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ကိုယ်စား အလင်းဝင်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။


ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသူများမှာ လက်ပံတန်းမြို့မှ အမျိုးသား ၁ ဦး၊ ပြည်မြို့မှ အမျိုးသား ၁ ဦး၊ ကျောက်တံခါးမြို့မှ အမျိုးသား ၃ ဦး၊ ကြို့ပင်ကောက်မြို့မှ အမျိုးသား ၁ ဦး၊ ပေါင်းတည်မြို့မှ အမျိုးသား ၃ ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၁ ဦး၊ နတ်တလင်းမြို့မှ အမျိုးသား ၁ ဦး၊ မင်းလှမြို့မှ အမျိုးသား ၂ ဦး၊ ပေါက်ခေါင်းမြို့မှ အမျိုးသား ၁ ဦး၊ စုစုပေါင်း ၁၉ ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကျင်းပစဉ်။





ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“ကျောင်းတက်တုန်းက ကျောင်းအုပ်ကြီးက CDM လုပ်ပြီးတော့ သူ့တပည့်ဆိုတော့ သူနဲ့ပါသွားတာ။ ပထမတစ်ခေါက်ထွက်ပြေးတုန်းကတော့ လက်နက် ၃ လက်ပါသွားတယ်ပေါ့။ တစ်ယောက်တည်းပြေးတာပြေးတဲ့အချိန်မှာ KNU ဂိတ်တွေကအများကြီးပဲ။ ကိုယ်ကတောလမ်းကနေပတ် တစ်ခါပတ်လည်း ဂိတ်ပြန်ရောက်၊ နှစ်ခါပတ်လည်း ဂိတ်ပြန်ရောက်နဲ့ ပြန်မိသွားတာ။ ဟိုရောက်သွားလို့ရှိရင် သူတို့ကငါတို့ကို မျှားခေါ်တာလား။ ငါတို့ကိုထုမှာလား၊ ထောင်းမှာလား။ ဒီထဲရောက်လာတဲ့အချိန်မှာတော့ ကိုယ်ထင်ထားသလိုမဟုတ်ဘူးပေါ့။ ကိုယ့်အပေါ်အများကြီးကောင်းခဲ့တယ်။ အများကြီးနားလည်မှုပေးကြတယ်ပေါ့။ အခုလက်ရှိကျန်ခဲ့တဲ့ ရဲဘော်တွေကတော့ ကျွန်တော့်ကို အခုကြည့်နေတယ်ဆိုရင်တော့ လာခဲ့ကြပါလို့ပဲဖိတ်ခေါ်ချင်ပါတယ်”ဟုပြောသည်။

“ရောက်ရှိခဲ့တဲ့ အဖွဲ့အစည်းကတော့ KNU တပ်မဟာ(၃)ရောက်ရှိခဲ့တာပါ။ အသက်ကတော့ ခုမှ ၂၀ ပြည့်တာပေါ့။ အားကစားသိပ္ပံ တက်မယ်ဆိုပြီးတော့ သူငယ်ချင်းတွေရဲ့ အဖော်ဆွယ်မှုကြောင့် ဟိုဘက်ထဲရောက်သွားတယ်။ ရောက်ပြီးတော့ ကိုယ်ဖြစ်ချင်တဲ့အရာနဲ့ လုံးဝဆန့်ကျင်ဘက်ကြီးဖြစ်သွားတာပေါ့။ လျှုတဲ့ပိုက်ဆံတွေ၊ ရတဲ့ပိုက်ဆံတွေကတော့ ဘာတွေဝယ်တယ်။ ဘာတွေလုပ်လဲတော့ မသိဘူးပေါ့။ လစာမရှိဘူး။ ပထမတစ်နှစ်ဖာပွန်မသွားခင်မှာကတည်းက စိတ်ကုန်တာစိတ်ပျက်တာပေါ့။ ဒါပေမဲ့ ပြန်လာဖို့ကျတော့ အခွင့်အလမ်းမရခဲ့တဲ့အတွက် အချိန်တွေနည်းနည်းလေးကြာသွားခဲ့တယ်။ အခုဒီနောက်ပိုင်းမှာ ချိတ်ဆက်ပြီး ဒီဘက်ကိုပြန်ပြီးအခြေချခဲ့တာပေါ့။ ဒီဘက်ကတော့ ကိုယ်လုံးဝမထင်ထားတဲ့ အရာမျိုးနဲ့ကြိုဆိုတာပေါ့။ အရမ်းလည်းဝမ်းသာပါတယ်။ ဒီလိုမျိုးကြိုဆိုမှုအတွက် ကျေးဇူးလည်းတင်ပါတယ်။ ပြောမပြတတ်လောက်အောင်ပျော်တာပေါ့နော်။ ကိုယ့်မိသားစုနဲ့ ကိုယ်အတူပြန်နေရတယ်။ ကိုယ်လုံးဝရည်မှန်းထားတဲ့အရာကိုလည်း ပြန်ပြီးတော့ဖြည့်ဆည်းလို့ရတာပေါ့။ တိုက်တွန်းချင်တာကတော့ ဦးနှောက်ပါတဲ့ လူတစ်ယောက်ကတော့ ဒီအရာကိုဘယ်လိုတွေးတယ်။ ဘယ်လိုလုပ်လဲ။ ဘယ်လိုဖြတ်သန်းရလဲဆိုတာကို ဆုံးဖြတ်လို့ရတာပေါ့။ တစ်ဖက်လူရဲ့ တွန်းအားပေးမှုကြောင့် သူများလုပ်တဲ့အတိုင်း လိုက်မလုပ်ဖို့လည်း ပြောချင်ပါတယ်။ ကျွန်တော်ဒီကနေပြီးတော့ ဖိတ်ခေါ်ပါတယ်”ဟုပြောကြားခဲ့ကြောင်း သိရသည်။ (၁၀၀)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲအဖွင့်ပွဲစဉ် ယှဉ်ပြိုင်စဉ်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လက်ဝှေ့သရုပ်ပြယှဉ်ပြိုင်မှုနှင့် ပထမနေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဇူလိုင်လ ၂၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Zaw Zaw Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် အင်တိုင်းကျေးရွာနေ ဇော်ဇော်အောင်(ခ)ဇော်ဇော်အား ညနေ ၃ နာရီ ၅၅ မိနစ်တွင် ရမည်းသင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အအေးမိ နှာစေး ခေါင်းကိုက်ရောဂါအကြောင်းသိကောင်းစရာ

ကျန်းမာရေး လိုက်စားသူတစ်ဦးသည် ညနေတိုင်း နေအိမ်တွင်းမှာပင် လမ်းလျှောက်စက်၊ အပြေးလေ့ကျင့်စက်၊ အိပ်ထမတင်ပြုလုပ်သည့် စက်ကိရိယာများဖြင့် ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်သည်။ ချွေးစိုရွှဲအောင် တစ်နာရီခန့်ကစားပြီးသည့်အခါ ရေချိုးသည်။ ချွေးမငုပ်စေရန် ချွေးကိုအရင်သုတ်ပြီးမှ ရေချိုးသည်။ ထိုသူသည် ညအိပ်ရာဝင်ချိန်တွင် နှာစေးသည်။ တစ်ခါတစ်ရံ နှာပိတ်ပြီး အသက်ရှူမဝသလိုဖြစ်သည်။ ကျန်းမာရေးကောင်းသော်လည်း နှာစေးသော ဝေဒနာမှာ မကြာခဏဖြစ်လာသည်။

လေ့ကျင့်ခန်းလုပ်ခြင်းကိုရပ်၍ ရေမချိုးဘဲနေသောအခါ နှာစေးသက်သာသော်လည်း အကြောအခြင်များ တောင့်တင်းညောင်းကိုက်ပြီး အိပ်မပျော်သောရောဂါ ရပြန်သည်။ ထို့ကြောင့် အားကစားပြန်လုပ်ပြီး ရေချိုးပြန်လျှင်လည်း နှာစေးရောဂါရပြန်သည်။ ထိုကဲ့သို့ အခက်အခဲဖြစ်နေသူကို စာရေးသူသည် မှိုင်းရှူဆေးခေါ် အခိုးပွင့်ဆေးတစ်မျိုးညွှန်ပေးလိုက်ရာ ဝေဒနာပျောက်ကင်းသွားသည်။

မှိုင်းရှူဆေးဆိုသည်မှာ ဆေးမှုန့်ကို မီးကျီးခဲပေါ်တွင် ဖြူးချပြီး ထွက်လာသောအငွေ့ကို ရှူရှိုက်သွင်းခြင်းဖြစ်သည်။ ကလေးမီးဖွားပြီးသူများသည် နနွင်းမှိုင်းရှူပေးလေ့ရှိသည်။ မီးကျီးခဲရဲရဲပေါ်တွင် ဆန်လှော်နနွင်းမှုန့်ကိုဖြူးပြီး ထွက်လာသောအငွေ့ကို ရှူခြင်းဖြင့် သွေးနုနုတွင် ဖြစ်တတ်သော ခေါင်းကိုက်ခြင်း၊ သွေးလန့်ခြင်း၊ သွေးတက်ခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။

ရောဂါအမျိုးမျိုးအတွက် ဖော်စပ်သော မှိုင်းရှူဆေးအမျိုးမျိုးရှိကြောင်း တိုင်းရင်းဆေးကျမ်းများတွင်တွေ့ရသည်။ ခေါင်းကိုက်ရောဂါအတွက် သက်ရင်းကြီးအမြစ်မှုန့်နှင့်နနွင်းမှုန့်ကိုရော၍ မှိုင်းရှူဆေးပြုလုပ်သည်။ မျက်နှာအမ်း၍ ခန္ဓာကိုယ်ဖောရောင်ခြင်းအတွက် ဝံအူမြစ်၊ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက် စသောနံ့သာမှုန့်များကို ရှူပေးလျှင်သက်သာစေသည်။ အိပ်မပျော်သောရောဂါအတွက် ခရေပွင့်ခြောက်နှင့်ကရမက်တို့ကို အမှုန့်ပြုလုပ်၍ မှိုင်းရှူပေးလျှင် အိပ်ပျော်စေနိုင်သည်။ ရင်တုန်ပြီး မူးဝေသူကို ကံ့ကော်ဝတ်ဆံ၊ ပဒုမ္မာကြာဝတ်ဆံ စသည့်ပန်းဝတ်ဆံ(ဝတ်ဆံအမှုန်)များကို နံ့သာဖြူမှုန့်နှင့်ရော၍ မှိုင်းရှူဆေးပြုလုပ်ကာ ရှူပေးခြင်းဖြင့် သက်သာစေနိုင်သည်။

နှာခေါင်းပိတ်ပြီး နှာခေါင်းအတွင်းမှ နှပ်ပုပ်များထွက်သော ထိပ်ကပ်နာအတွက် ရနံ့ပြင်းသော ပရုတ်မြစ်၊ သက်ရင်းကြီးမြစ်၊ အော်လဲ၊ ဆေးပုလဲ၊ ကန့်ချုပ်နီ၊ ခွေးတောက်မြစ်၊ ကြောင်လျှာပင်အမြစ်၊ သပွတ်သီးခြောက်အူတိုင်မှ ထွက်သော အမှုန့်စသည်များကို မှိုင်းရှူပေးခြင်းဖြင့် မကောင်းသော နှပ်ပုပ်များထွက်ကျပြီး နှာခေါင်းအတွင်းမှ အနာကျက်ကာ သက်သာပျောက်ကင်းနိုင်ကြောင်း သိရသည်။

ထိပ်ကပ်နာမှာ အကုရခက်သော ရောဂါမျိုးဖြစ်ပြီး နား၊ နှာခေါင်းဆေးရုံများတွင် နှာခေါင်းအတွင်းပိုင်းကို ခဲရာခဲဆစ်ခွဲစိတ်ကုသရသော ရောဂါမျိုးဖြစ်သဖြင့် တိုင်းရင်းဆေးပင်၊ ဆေးမြစ်များဖြင့် ကုသပျောက်ကင်းလျှင် ငွေကုန်ကြေးကျများစွာသက်သာနိုင်ပေသည်။

တိုင်းရင်းဆေးခန်းသုံး ရိုးရာဆေးနည်းများတွင် အကင်းဆယ်ပါးဆေးမှုန့်သည် မှိုင်းရှူဆေးပြုလုပ်ရာတွင် နာမည်ကြီးသည်။ ဇက်ကြောတက်၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ မျက်ရိုးကိုက်၊ အအေးမိ၊ နှာမွန်၊ ဖျားနာခြင်းများအတွက် မှိုင်းရှူရုံဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။ ပါရာစီတမော အမြဲစွဲသောက်နေသူတစ်ဦးမှာ အသည်းခြောက်ရောဂါ ဖြစ်စေနိုင်သည်ဆိုသဖြင့် ခေါင်းကိုက်လျှင် အကင်းဆယ်ပါး မှိုင်းရှူဆေးကို ပြောင်းသုံးကြည့်ရာ အဆင်ပြေသဖြင့် ဆေးမသောက်ရတော့ဟု

**"ရောဂါအမျိုးမျိုးအတွက်ဖော်စပ်သော မှိုင်းရှူဆေးအမျိုးမျိုးရှိကြောင်း တိုင်းရင်းဆေးကျမ်းများတွင်တွေ့ရသည်။ ခေါင်းကိုက်ရောဂါအတွက် သက်ရင်းကြီးအမြစ်မှုန့်နှင့်နနွင်းမှုန့်ကိုရော၍ မှိုင်းရှူဆေးပြုလုပ်သည်။ မျက်နှာအမ်း၍ ခန္ဓာကိုယ်ဖောရောင်ခြင်းအတွက် ဝံအူမြစ်၊ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက် စသောနံ့သာမှုန့်များကို ရှူပေးလျှင်သက်သာစေသည်။ အိပ်မပျော်သောရောဂါအတွက် ခရေပွင့်ခြောက်နှင့်ကရမက်တို့ကို အမှုန့်ပြုလုပ်၍ မှိုင်းရှူပေးလျှင် အိပ်ပျော်စေနိုင် . . ."**

သိရသည်။

အကင်းဆယ်ပါးဆေးနည်းမှာ ခွေးတောက်မြစ်၊ နနွင်းနွယ်၊ မြက်မွှေး၊ ပန်းရင်း၊ ပန်းလဲပွင့်၊ ပန်းနု၊ ပန်းဥ၊ ကန့်ဘလူဥ၊ ပဲနံ့သာ၊ ဥပသကာ၊ သစ်ကြံပိုး၊ ကံ့ကော်ဝတ်ဆံ၊ နံ့သာဖြူ၊ နံ့သာနီ၊ စန္ဒကူးနီ ဤဆေး ၁၅ မျိုးကို ပရဆေးဆိုင်များတွင်ဝယ်ယူပြီး ဆတူရောစပ်၍ အမှုန့်ကြိတ်စက်တွင်ကြိတ်ပြီး အမှုန့်ကိုမှိုင်းရှူဆေးအဖြစ် သုံးစွဲနိုင်သည်။ မှိုင်းရှူရာတွင် မီးကျီးခဲမရှိလျှင် ဆေးမှုန့်ကို စက္ကူဖြူသန့်သန့်တွင်ဖြူး၍ စီးကရက်၊ ဆေးလိပ်လိပ်သကဲ့သို့လိပ်ပြီး တစ်ဖက်မှ မီးရှို့ပြီး ရှူလျှင်လည်း မီးမငြိမ်းသော ဆေးမှုန့်မျိုးဖြစ်သည်။ ငယ်ထိပ်အထိပေါက်အောင် ရှူပေးပြီး မျက်ရည်၊ နှာရည်များကျလာလျှင် ခေါင်းကိုက်၊ အကြောတက်ဝေဒနာများပျောက်ကင်းစေနိုင်သည်။ ရေချိုးလျှင် ရေကိုခေါင်းမှ လောင်းချိုးပါ။

ညနေပိုင်း အားကစားပြုလုပ်ပြီး ရေချိုးသူများကို အကြံပေးလိုသည်မှာ နှာစေး၊ အအေးပတ်မှာကြောက်ရွံ့ပြီး ရေမချိုးဘဲ မနေပါနှင့်။ အားကစားလုပ်ပြီးတိုင်း ရေချိုးနိုင်သည်။ ရေချိုးသောအခါတွင်လည်း ခေါင်းမှလောင်းချိုးခြင်းသည် အကောင်းဆုံးဖြစ်သည်။ ရေချိုးပြီး မှိုင်းရှူဆေးရှူပေးနိုင်သကဲ့သို့ အိပ်ရာဝင်ခါနီးတွင်လည်း မှိုင်းရှူဆေးရှူပေးနိုင်သည်။

ညပိုင်းရေချိုးသူ၊ ခေါင်းလျှော်သူ၊ အအေးမိနှာစေးခြင်းကို ကာကွယ်လိုသူများအတွက် မြန်မာတိုင်းရင်းဆေးကို အိမ်တွင်းဆေး၊ သက်စောင့်ဆေးအဖြစ် အသုံးပြုရန် အကင်းဆယ်ပါးမှိုင်းရှူဆေးသည် ဆောင်ထားသင့်သော ဆေးတစ်မျိုးဖြစ်သည်။ သို့သော် အဆိုပါ အကင်းဆယ်ပါးမှိုင်းရှူဆေးကို ခေါင်းကိုက်သောရောဂါအတွက်သာသုံးသင့်ပြီး ခေါင်းမူးသော ရောဂါအတွက် မှိုင်းရှူဆေးကို မသုံးသင့်ပေ။ ခေါင်းမူးခြင်းနှင့် ခေါင်းကိုက်ခြင်းသည်မတူပေ။

လူအများစုသည် ပူအိုက်သောနွေရာသီတွင် ရေမကြာခဏ ချိုးကြသော်လည်း မိုးရာသီနှင့်ဆောင်းရာသီတွင် ရေချိုးကြောက်ကြသည်။ တချို့မှာ ခေါင်းမူး၍ ဆေးခန်းလာပြကြသည်။ ဇက်ကြီးပေါင်းထင်၍စစ်ဆေးကြည့်ရာ ရောဂါအဖြေရှာသောအခါ ရေမချိုးသည်မှာ ရက်ကြာ၍ ခေါင်းမူးခြင်းဖြစ်သည်ကိုတွေ့ရသည်။

**ရေမချိုး၊ အခိုးငုပ်၍ ခေါင်းမူးခြင်း**

ရှေးမြန်မာတိုင်းရင်းဆေးကျမ်းများတွင် ရေမချိုးခြင်း၏ အပြစ် ၁၀ ပါးရှိသည်ဟု ဆိုပါသည်။

၁။ အခိုးငုပ်ခြင်း၊
၂။ မသန့်ခြင်း၊
၃။ လေချုပ်ခြင်း၊
'၄။ သွားနာခြင်း၊
၅။ မျက်စိဝေခြင်း၊
၆။ ဆံပင်ကျွတ်ခြင်း၊
၇။ အသံပျက်ခြင်း၊
၈။ သမ်းဝေခြင်း၊
၉။ ခေါင်းမူးခြင်း၊
၁၀။ အသားပပ်ခြင်း။

အထက်ပါအချက်များတွင် ခေါင်းမူးခြင်း၊ မျက်စိဝေခြင်း၊ သွားနာခြင်း၊ ဆံပင်ကျွတ်ခြင်း၊ သမ်းဝေခြင်းဟူသော အပြစ်ငါးမျိုးမှာ ဦးခေါင်းပိုင်း၌သာ ဖြစ်နေသည်ကို တွေ့ရသည်။ ရေမချိုးခြင်းကြောင့် ဦးခေါင်းနှင့် ဦးနှောက်သို့သွေးရောက်ရမည့်အစား အခိုးအငွေ့များရောက်ပြီး ခေါင်းမကြည်သည့်အပြင် မှတ်ဉာဏ်၊ စဉ်းစားဉာဏ်၊ တွေးခေါ်ဉာဏ်များပါ ထိခိုက်နိုင်၍ အထူးသတိပြုသင့်သည်။ တချို့က ရေချိုးတိုင်းခေါင်းလျှော်လျှင် ဆံပင်ကျွတ်မည်ဟု ထင်ကြသည်။ ဤအယူအဆမှာ မှားယွင်းသည်။ ခေါင်းမလျှော်သဖြင့် အခိုးငုပ်ခြင်းကြောင့် ဆံပင်အရင်းမှအမြစ်များ ခြောက်သွေ့ပြီး ဆံပင်ပို၍ကျွတ်နိုင်ပေသည်။

ခေါင်းလျှော်ခြင်းဖြင့် ဆံပင်အရင်း ဦးရေပြားအတွင်း ငုပ်နေသော အပူခိုးများ ထွက်သွားခြင်း၊ သေပြီး ခြောက်သွေ့နေသော ဦးရေပြား(ဗောက်များ) ကွာထွက်သွားခြင်းကြောင့် အရေပြားအသစ်ပြန်ပေါက်နိုင်သည်။ အရေပြားအသစ်တွင် သွေးထောက်ပံ့မှုအားကောင်းသဖြင့် ဆံပင်ပို၍သန်နိုင်ကြောင်း ကျန်းမာရေးဗဟုသုတအနေဖြင့် ရေးသားလိုက်ရပါသည်။

ကြည်လွင်မြင့်(မုဒြာ)

## ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး ဇူလိုင် ၂၂

ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး Video Conferencing ခန်းမ(၁)၌ ကျင်းပရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးညီလန်းချိုနှင့် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များ တက်ရောက်ကြသည်။




ရှေးဦးစွာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးညီလန်းချိုက တရားမဝင်ကုန်သွယ်မှုများကို အရေးယူဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ မှန်မှန်ကန်ကန် အသုံးပြုဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးညီလန်းချိုက နိဂုံးချုပ်စကားပြောကြားကြောင်း သိရသည်။

(၄၁၀)

## ရေနံချောင်းတက္ကသိုလ်၌ ရေတန်ဖိုးနားလည်စေရန်နှင့် ရေထဲသို့အမှိုက်စွန့်ပစ်မှုတားဆီးကာကွယ်ရေး ပညာပေးဆွေးနွေး

ရေနံချောင်း ဇူလိုင် ၂၂

ရေတန်ဖိုးနားလည်စေရန်နှင့် ရေထဲသို့ အမှိုက်စွန့်ပစ်မှု တားဆီးကာကွယ်ရေး ပညာပေးဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ရေနံချောင်းတက္ကသိုလ်၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ရေနံချောင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးအေးသန့်က ပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ရေနံချောင်းတက္ကသိုလ် မေဂျာပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများက ရေအရင်းအမြစ်များနှင့် အရေးပါမှုများ၊ ရေထဲသို့ အမှိုက်စွန့်ပစ်ခြင်းကြောင့် ဖြစ်နိုင်သောအန္တရာယ်များနှင့် တားဆီးနိုင်မည့်နည်းလမ်းများ၊ အမှိုက်ကင်းစင်သည့် ရေအရင်းအမြစ်ဖြစ်ရန် ပြုပြင်ရမည့်နည်းလမ်းများ၊ ပညာပေးအစီအစဉ်များ ချမှတ်ရေး၊ လူနှင့်တိရစ္ဆာန်များ အသက်ရှင်သန်မှုအတွက် ရေ၏အရေးပါမှု စသည့်ခေါင်းစဉ်များကို နှီးနှောဖလှယ်၍ ဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ရေနံချောင်းတက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆွေးနွေးပွဲတွင် အားတက်သရောပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

စိုးသူအောင်

# အင်္ဂလန်နာမည်ကြီးကွင်းလယ်ဒိုင်လူကြီး အန်သိုနီတေလာ ဒိုင်လူကြီးလောကမှ အနားယူကြောင်း အတည်ပြုကြေညာ




လန်ဒန် ဇူလိုင် ၂၂

အင်္ဂလန်နာမည်ကြီးကွင်းလယ်ဒိုင်လူကြီးတစ်ဦး ဖြစ်သည့် အန်သိုနီတေလာသည် ပရော်ဖက်ရှင်နယ် ဒိုင်လူကြီးလောကမှ အနားယူကြောင်း အတည်ပြု ကြေညာသည်။

အသက် ၄၇ နှစ်အရွယ် ဒိုင်လူကြီး အန်သိုနီတေလာ သည် အင်္ဂလန်ဒိုင်လူကြီးလောက၌ ကာလရှည် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင်လည်း မိုက်ကယ်အိုလီဗာနှင့်အတူ အင်္ဂလန် နိုင်ငံကိုယ်စားပြု ဒိုင်လူကြီးများအဖြစ် တာဝန်ယူခွင့် ရရှိခဲ့ကာ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ပရော်ဖက်ရှင်နယ်ဒိုင်လူကြီးလောကမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဒိုင်လူကြီး အန်သိုနီတေလာသည် ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ် အဖြစ်ကစားသော စပိန်အသင်းနှင့်ပေါ်တူဂီအသင်း တို့ပွဲစဉ်ကို နောက်ဆုံးတာဝန်ယူကိုင်တွယ်ပြီး နောက် လက်ရှိတွင် ပရော်ဖက်ရှင်နယ်ဒိုင်လူကြီး ဘဝမှ အနားယူခဲ့ခြင်းဖြစ်သည်။

အန်သိုနီတေလာသည် ပရော်ဖက်ရှင်နယ်ဒိုင်လူကြီး ဘဝတွင် ဘောလုံးပွဲပေါင်း ၈၃၂ ပွဲအထိ တာဝန်ယူ ကိုင်တွယ်ခဲ့ပြီး အဆိုပါပွဲများမှ ၆၆၈ ပွဲကို အင်္ဂလန် နိုင်ငံ ပြည်တွင်းလိဂ်ပွဲစဉ်များတွင် တာဝန်ယူကိုင် တွယ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အန်သိုနီတေလာသည် ဥရောပထိပ်တန်း လိဂ်တစ်ခုဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ၁၆ နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ပြီး ပရီးမီးယားလိဂ် ပြိုင်ပွဲ ပွဲပေါင်း ၄၃၂ ပွဲအထိ တာဝန်ယူကိုင်တွယ်ခဲ့ကာ ၂၀၁၇ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် အက်ဖ်အေ ဖလားဗိုလ်လုပွဲတို့ကို တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ် သည်။

အလားတူ အန်သိုနီတေလာသည် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်(ဖီဖာ)အသိအမှတ်ပြု ဒိုင်လူကြီးတစ်ဦးအဖြစ် ၁၄ နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၂ ကမ္ဘာ့ ဖလားပြိုင်ပွဲနှင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် တာဝန်ပေးအပ်ခံရသကဲ့သို့ ပြီးခဲ့သည့် ယူရို ၂၀၂၀ ပြိုင်ပွဲနှင့် ယူရို ၂၀၂၄ ပြိုင်ပွဲတို့တွင်လည်း ဥရောပ ဘောလုံးအဖွဲ့ချုပ် (ယူအီးအက် ဖ်အေ)၏ တာဝန် ပေးအပ်ခြင်း ခံခဲ့ရသူတစ်ဦးဖြစ်ကာ ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်၊ ဥရောပဘောလုံးအဖွဲ့ချုပ်နှင့် အင်္ဂလန် နိုင်ငံဘောလုံးအဖွဲ့ချုပ်တို့တွင် ကာလရှည် တာဝန် ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ *Ref:Sky Sports*

# လက်ရှိကစားသမား အပြောင်းအရွှေ့ကာလ သတင်းအတိုများ

❍ ဆော်ဒီထိပ်တန်းကလပ် အယ်ဟီလယ်အသင်း က ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာရန်ပြင်ဆင်နေ သည့် တိုက်စစ်ကစားသမား ဆမ်မာဗီလီအား ခေါ်ယူ ရန် ဆွေးနွေးမှုများလုပ်ဆောင်နေသည်။

❍ ဘုန်းမောက်အသင်းက ပရီးမီးယားလိဂ်ထိပ်တန်း ကလပ်အသင်းကြီးများက ခေါ်ယူရန်ကြိုးပမ်းနေ သည့် အသင်းမှကွင်းလယ်ကစားသမား အဲလက် စကော့အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၈၀ သတ်မှတ်ထားပြီး ၎င်းကို မန်ယူအသင်း၊ မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့က ခေါ်ယူ ရန်ကြိုးပမ်းနေသည်။

❍ မန်ယူအသင်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်းနှင့်ခြေစွမ်းပြနိုင်ခဲ့သည့် ရိုးမားအသင်း မှ ကွင်းလယ်ကစားသမား ကိုနေးအားခေါ်ယူရန် စတင်ဆွေးနွေးနေကြောင်း သိရသည်။

❍ ဘာစီလိုနာအသင်းက ဘရိုက်ဂျက်အသင်းမှ လူငယ်တောင်ပံတိုက်စစ်ကစားသမား ဘီစီယူအား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၈ ဒသမ ၅ သန်းဖြင့် ခေါ်ယူပြီးနောက် မကြာမီဆေးစစ်မှုများလုပ်ဆောင် မည်ဖြစ်ကြောင်း သိရသည်။

❍ ချယ်လ်ဆီးအသင်းက ရောင်းချရန်ဆုံးဖြတ် ထားသည့် ဂါနာချိုအားခေါ်ယူရန်ကြိုးပမ်းနေသည့် အသင်းများတွင် အက်စ်တွန်ဗီလာအသင်းလည်း ပါဝင်နေသည်။

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပေးအပ်သည့်ဆုကြေးများအပေါ် အမေရိကန်အစိုးရက အခွန်ငွေဖြတ်တောက်ရန်စီစဉ်

ဝါရှင်တန် ဇူလိုင် ၂၂

အမေရိကန်နိုင်ငံ အခွန်ဦးစီးဌာနက ၂၀၂၆ ကမ္ဘာ့ ဖလားပြိုင်ပွဲတွင် ပေးအပ်ချီးမြှင့်သည့်ဆုကြေးများ အပေါ် အခွန်ငွေဖြတ်တောက်ရန် စီစဉ်နေကြောင်း သိရသည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆုကြေးများတိုးမြှင့် ပေးအပ်ခဲ့ပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်သည့် စပိန် အသင်းအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၅၀ အထိ ရရှိခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ အခွန်ဦးစီးဌာနက ၂၀၂၆ ကမ္ဘာ့ ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ ခြင်းဖြစ်သည့်အတွက် ဆုကြေးများသည် အမေရိကန် နိုင်ငံမှရရှိသောဝင်ငွေအဖြစ် သတ်မှတ်ခဲ့ပြီးနောက် အခွန်ငွေဖြတ်တောက်ရန် စီစဉ်နေခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ အခွန်ဦးစီးဌာန၏ သတ်မှတ်ချက် များအရ နိုင်ငံခြားအဖွဲ့အစည်းများ၏ ၎င်းတို့နိုင်ငံ မှရရှိသောဝင်ငွေများအပေါ် အခွန် ၃၀ ရာခိုင်နှုန်း အခွန်ဆောင်ရလေ့ရှိသည့်အတွက် စပိန်အသင်း အနေဖြင့် ချန်ပီယံဆုကြေး အမေရိကန်ဒေါ်လာ သန်း ၅၀ မှ အခွန် ၃၀ ရာခိုင်နှုန်းပေးဆောင်ရမည် ဆိုပါက အမေရိကန်ဒေါ်လာ ၁၅ သန်းပေးဆောင် ရမည်ဖြစ်သည်။

သို့သော် အမေရိကန်နိုင်ငံ အခွန်ဦးစီးဌာနက စပိန် အသင်း ၎င်းတို့နိုင်ငံအတွင်း ကစားခဲ့သည့်ပွဲအရေ အတွက်များအပေါ်မူတည်ပြီး အခွန်ကောက်ခံမည် ဆိုပါက အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၇၅ သန်းအထိ ပေးဆောင်ရနိုင်သည့်အတွက် စပိန်အသင်းအနေဖြင့် ဆုကြေး အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၅ သန်းသာ ရရှိဖွယ်ရှိနေကြောင်း သိရသည်။

*Ref:The Athletic*



# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်သည့် စပိန်အသင်းကို နိုင်ငံတော်အဆင့်အခမ်းအနားဖြင့်ကြိုဆိုပြီး ပရိသတ်နှစ်သန်းကျော် လမ်းမများ၌ကြိုဆိုခဲ့ကြ

မက်ဒရစ် ဇူလိုင် ၂၂

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်သည့် စပိန်အသင်းကို စပိန်ဘုရင် ဖိလစ်ပီ နှင့် စပိန်နိုင်ငံအစိုးရအဖွဲ့က နိုင်ငံတော်အဆင့်အခမ်း အနားဖြင့်ကြိုဆိုပြီး ပရိသတ်နှစ်သန်းကျော်က လည်း မက်ဒရစ်မြို့ရှိ လမ်းမများ၌ ကြိုဆိုအောင်ပွဲခံ ခဲ့ကြကြောင်း သိရသည်။

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ တွင် အုပ်စုအဖွင့်ပွဲစဉ်အဖြစ်ကစားသည့် ကိတ်ဗာဒီ အသင်းနှင့်တစ်ပွဲသာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ကျန်ပွဲစဉ်အားလုံးအနိုင်ရရှိခဲ့ကာ ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံအာဂျင်တီးနားအသင်းကို ၁ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရရှိပြီး ဒုတိယအကြိမ်မြောက် ချန်ပီယံ ဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံမှ စပိန်နိုင်ငံသို့ပြန်လည်ရောက် ရှိလာသည့် စပိန်အသင်းကို စပိန်ဘုရင် ဖိလစ်ပီက ဘုရင့်နန်းတော်၌ နိုင်ငံတော်အဆင့်အခမ်းအနား ဖြင့် ကြိုဆိုပွဲတွင် စပိန်တော်ဝင်မျိုးနွယ်များ၊ စပိန် နိုင်ငံအစိုးရအဖွဲ့တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ ပြီး အောင်ပွဲရကစားသမားများကို စပိန်ဘုရင် ဖိလစ်ပီက ဂုဏ်ပြုစကားပြောကြားခဲ့သည်။

စပိန်အသင်းသည် နိုင်ငံတော်အဆင့်အခမ်း အနားဖြင့် ကြိုဆိုပွဲအပြီးတွင် စပိန်နိုင်ငံ ဝန်ကြီးချုပ် အိမ်တော်မှ မက်ဒရစ်မြို့အတွင်း အမိုးဖွင့်ဘတ်စကား ဖြင့် လှည့်လည်အောင်ပွဲခံခဲ့ရာတွင် သန်းနှင့်ချီသည့် ပရိသတ်များက မြို့တွင်းရှိလမ်းမများ၌ ကြိုဆို အောင်ပွဲခံမှုများလုပ်ဆောင်ခဲ့ကြသည်။

စပိန်အသင်းသည် မက်ဒရစ်မြို့တွင်းလှည့်လည် အောင်ပွဲခံမှုလုပ်ဆောင်ပြီးနောက် မက်ဒရစ်မြို့ Cibeles Square ၌ အောင်ပွဲခံအခမ်းအနား ဆက်လက်ကျင်းပပြီး အဆိုပါအခမ်းအနားသို့ စပိန် ထိပ်တန်းအနုပညာရှင်များတက်ရောက်ခဲ့ကြသည့် အပြင် ရင်ပြင်ထက်၌ ပရိသတ်ထောင်ပေါင်းများစွာ ကလည်း ကြိုဆိုအားပေးမှုများလုပ်ဆောင်ခဲ့ကြ ကြောင်း သိရသည်။


*Ref:B/R Football*





တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ခါမ်းပါတ်မြို့နယ်၊ ကမ္မကြီးကျေးရွာ၊ သာသနပါလကျောင်းတိုက်အား သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။

တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ခါမ်းပါတ်မြို့နယ်၊ ကမ္မကြီးကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိ။




**⇨ ကျောဖုံးမှအဆက်**

နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူလူထုနှင့်လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအတွက် အဓိကအရေးပါသည့်လမ်းကြောင်းတစ်ခုဖြစ်သော ကလေး-တမူးလမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ ကလေး-တမူး လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် စနစ်တကျစုဖွဲ့ပြင်ဆင်ပြီး စစ်ကြောင်းများခွဲကာ ဇွန်လ ၇ ရက်မှစ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာနှင့် အဆိုပါဒေသတစ်ဝိုက်အား ဇွန်လ ၁၀ ရက်တွင်လည်းကောင်း၊ ကလေးမြို့ဘက်မှ ချီတက်လာသောတပ်မတော်စစ်ကြောင်းသည်ကလေး-တမူးလမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများအဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇွန်လ ၂၀ ရက်တွင် ခါမ်းပါတ်မြို့အားလည်းကောင်း၊ ဇွန်လ ၃၀ ရက်တွင် ခါမ်းပါတ်မြို့မြောက်ဘက်ရှိ ကနန်ကျေးရွာအားလည်းကောင်း ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် ကလေး - တမူး ဆက်သွယ်ရေးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့မအားညမနားအရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ခါမ်းပါတ်မြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် အကြမ်းဖက်သောင်းကျန်းသူများ ယာယီအခြေပြုနေထိုင်သည့် ကမ္မကြီး(ချင်း)ကျေးရွာအား ဇူလိုင်လ ၁၉ ရက်တွင်လည်းကောင်း၊ ကမ္မကြီး(ဗမာ)ကျေးရွာအား ဇူလိုင်လ ၂၁ ရက်တွင်လည်းကောင်း အသီးသီးထပ်မံသိမ်းပိုက်ရရှိခဲ့သည်။ ထိုသို့တိုက်ခိုက်သိမ်းပိုက်စဉ် အကြမ်းဖက်သောင်းကျန်းသူများနှင့်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများသိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အဆိုပါကျေးရွာများနှင့် ၎င်းဒေသတစ်ဝိုက်အား ယာယီစိုးမိုးထားစဉ် ဒေသခံပြည်သူလူထု၏အကျိုးစီးပွားကို မငဲ့ကွက်ဘဲ ကျေးရွာရှိပြည်သူများ၏နေအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ ပြည်သူပိုင်အဆောက်အအုံများအား ဖျက်ဆီးခြင်း၊ နေအိမ်နှင့် ဈေးဆိုင်များအတွင်းမှ အသုံးအဆောင်ပစ္စည်းများနှင့် တန်ဖိုးရှိပစ္စည်းများအား **စာမျက်နှာ ၂၉ သို့** ⇨



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ခါမ်းပါတ်မြို့နယ်၊ ကမ္မကြီးကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းအား သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာအတွင်း ခံစစ်စခန်းများပြုလုပ်ထားရှိမှုကိုတွေ့ရစဉ်။






၍ အနိုင်ကျင့်ဗိုလ်ကျ ဆက်ကြေးကောက်ခြင်း၊ ကျေးရွာအတွင်းလမ်းမများပေါ်တွင် မိုင်းထောင်ထားခြင်းစသည့်အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြုအရေးပါသည့်ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်ပေးခြင်း လုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

**အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာအတွင်း ခံစစ်စခန်းများ ပြုလုပ်ထားရှိမှုကိုတွေ့ရစဉ်။**

⇨ **စာမျက်နှာ ၂၈ မှအဆက်**

အတင်းအဓမ္မယူဆောင် အသုံးပြုခြင်း၊ နေအိမ်များအတွင်း ပစ်ကျင်းများ၊ ဘန်ကာများ၊ ကတုတ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများပြုလုပ်ကာ မြို့/ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းများတွင် ဂိတ်စခန်းများတည်ဆောက်




**အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာလူနေအိမ်များအတွင်း ဘန်ကာများပြုလုပ်ထားရှိမှုကိုတွေ့ရစဉ်။**

## (၂၂-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၁၁၀,၉၆၈.၂၇ | ၁,၃၄၄,၀၅၆.၃၅ | ၃၂,၃၂၆,၂၅၄.၃၀ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ ဓာတ်မြေသြဇာ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ စားသုံးကုန်စည်၊ တိရစ္ဆာန်အစာ၊ ကတ္တရာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၀.၇၉ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၀၁ သန်းအား CMP ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**မိုးပိုလာနိုင်**

နေပြည်တော် ဇူလိုင် ၂၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

## ဝမ်းတွင်းမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT) ဖွင့်လှစ်

ဝမ်းတွင်း ဇူလိုင် ၂၂

ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန၏ ညွှန်ကြားချက်အရ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဝမ်းတွင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ဝမ်းတွင်းမြို့နယ် ဥပဒေအရာရှိဦးမြင့်နိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ဥပဒေအရာရှိဦးမြင့်နိုင်ဦးက ဥပဒေဘာသာရပ်များကို သင်ကြားပို့ချခဲ့ခြင်း၊ သင်တန်းသားများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်သည်။

အဆိုပါသင်တန်းတွင် ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေစသည်တို့ကို ဇူလိုင်လ ၂၂ ရက်မှ ၂၇ ရက်အထိ ငါးရက်ကြာဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**တင်ဆန်းဦး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၄)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၄)၊ မြေကွက်အမှတ်(၃၈၂)၊ မြေဧရိယာ(၀.၀၄၆၅)ဧကရှိမြေအား ဒေါ်ခင်အုန်းမြင့်မှ ခွဲစိတ်အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ခွဲစိတ်အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၄)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၄)၊ မြေကွက်အမှတ်(၃၈၂)၊ မြေဧရိယာ(၀.၀၇၇၅)ဧကရှိမြေအား ဒေါ်အိအိလှိုင်မှ ခွဲစိတ်အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ခွဲစိတ်အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ပြည်ပမှကုန်ပစ္စည်းများကိုခွင့်ပြုချက်မရမီ ဆိပ်ကမ်းလေဆိပ်သို့တင်သွင်းလာသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများအား အရေးယူနိုင်ရေးစီမံခန့်ခွဲရေးအဖွဲ့ လေလံတင်ထုခွဲရောင်းချရေးလုပ်ငန်းအဖွဲ့ လေလံကြော်ငြာ

၁။ AWPT, MIP, MITT ဆိပ်ကမ်းများတွင် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခဲ့သော ကုန်သေတ္တာ ၅၂ လုံးအတွင်းရှိ ကုန်ပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ၆-၈-၂၀၂၄ ရက်နေ့ ၁၁:၀၀ နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံပုံစံနှင့် လေလံစည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ၂၃-၇-၂၀၂၄ ရက်နေ့မှ ၄-၈-၂၀၂၄ ရက်နေ့အထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း) ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်လာရောက်မေးမြန်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးလုပ်ငန်းအဖွဲ့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အ.ထ.က၊ ကညွှော်(ချောင်းဆုံ) Grade-6 တွင် ပညာသင်ကြားနေသော မအိအိချစ်၏မိခင် မိသိုက်ဇီနှင့် ဒေါ်မိသိုက်ဇီ ၁၀/ခဆန(နိုင်)၀၆၄၇၀၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မိသိုက်ဇီ(ခ)ဒေါ်မိသိုက်ဇီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အ.ထ.က၊ ကညွှော်(ချောင်းဆုံ) Grade-5 တွင် ပညာသင်ကြားနေသော မောင်ဖြိုးမင်းဦး၏ဖခင် မင်းရာဇာမိုးနှင့် ဦးမင်းရာဇာမိုး ၁၀/ခဆန(နိုင်)၀၉၅၂၃၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မင်းရာဇာမိုး(ခ)ဦးမင်းရာဇာမိုး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အ.ထ.က၊ ကညွှော်(ချောင်းဆုံ) Grade-6 တွင် ပညာသင်ကြားနေသော မောင်သူရမိုး၏ဖခင် မင်းမြင့်လွင်နှင့် ဦးမြင့်လွင် ၁၀/ခဆန(နိုင်)၀၇၅၆၃၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မင်းမြင့်လွင်(ခ)ဦးမြင့်လွင်**

### ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၁)ရပ်ကွက်၊ တဲကြီးကုန်းနေ မမျိုးသဉ္ဇာကျော်(ဘ)ဦးရဲထွန်းဦး ၁၄/ပသန(နိုင်)၃၀၆၇၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 447816)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကံစွယ်-မူလွန် Grade-6 အောင် မမေသဲ၏ဖခင် ဦးဖိုးပြည့်၏အမည်မှန်မှာ ၈/ရစက(နိုင်)၀၂၆၅၂၈ အရ ဦးဖိုးပြေဖြစ်ပါကြောင်း။

**ဦးဖိုးပြေ**

### ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ယမုံအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မယုမွန်ကျော်၏ဖခင်အမည်မှန်မှာ ဦးကျော်စိုးဦး ၉/လဝန(နိုင်)၁၃၅၄၄၅ ဖြစ်ပါကြောင်း။

**ဦးကျော်စိုးဦး**

### ပျောက်ဆုံးကြောင်း

နန်းထွန်းအောင်(ဘ)ဦးအိုက်မြတ် ၁၃/မဆတ(နိုင်)၀၀၇၁၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 943565)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း

ဦးထွန်းလင်း(ဘ)ဦးစိုးဝင်း ၁၂/ပဇတ(နိုင်)၀၃၄၃၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၆၇၅၈၄၅၆

### ပျောက်ဆုံးကြောင်း

သက်သက်နွယ်(ဘ)ဦးမောင်ဘုချေ ၁၁/ကဖန(နိုင်)၀၇၁၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၄၅၉၃၀၀

### ပျောက်ဆုံးကြောင်း

နန်းယုယုထွန်း(ဘ)ဦးပန်းဦး ၁၃/ကမန(နိုင်)၁၄၅၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၁၀၁၄၁၈၇

### ပျောက်ဆုံးကြောင်း

ကေသီအောင်(ဘ)ဦးသာပေါ ၉/ပဘန(နိုင်)၂၃၇၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

အောင်မျိုးဟိန်း(ဘ)ဦးဖိုးခင် ၇/ကဝန(နိုင်)၂၀၇၆၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

စိုင်းသိန်းအောင်(ဘ)ဦးဆန်စန် ၁၃/တယန(နိုင်)၀၃၉၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 139728)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့၊ အ.ထ.က အင်းတကော်ကျောင်း၊ Grade-6 မှ အဘ ဦးကျော်သူလွင်၏သား မောင်မြတ်ဘုန်းသုခအား မောင်မြတ်ဘုန်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မြတ်ဘုန်းခန့်**

### ပျောက်ဆုံးကြောင်း

သူရဇော်(ဘ)ဦးဇော်ထွန်းအောင် ၅/မမတ(နိုင်)၁၃၁၄၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

စုလဲ့ဖြူ(ဘ)ဦးဖိုးသောကြာ ၇/ပခန(နိုင်)၄၅၄၄၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် မူလွန်(လက်ပံပု)မှ ကျောင်းဝင်အမှတ် ၀၀၂၄ Grade-6 သင်ဆဲမှ မောင်အောင်ဘုန်းယံ၏ဖခင် ဦးချစ်ကိုကို၏အမည်မှန်မှာ ဦးချစ်ကို ၈/တတက(နိုင်)၁၅၄၂၉၃ ဖြစ်ပါကြောင်း။ **ဦးချစ်ကို**

### ပျောက်ဆုံးကြောင်း

PEER MOHAMED(ခ)စိုးမြင့်(ဘ)အီစွတ် ၁၂/သလန(ပြု)၀၀၅၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၆၅၅၁၂၂

### ပျောက်ဆုံးကြောင်း

စန်းစန်းအေး(ဘ)ဦးသိန်းလှိုင် ၁၂/ကမရ(နိုင်)၀၁၃၄၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အ.လ.က(ခွဲ)ပိုးစာခင်းတွင် (ဒု-မူပြ)ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော အဘဦးသန်းအောင်၈/တတက(နိုင်)၀၈၆၉၉၁ ၏သမီး ဒေါ်အေးအေးခိုင်နှင့် ဒေါ်အေးခိုင် ၈/တတက(နိုင်)၀၈၈၇၇၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်အေးအေးခိုင်(ခ)ဒေါ်အေးခိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ မူလွန်(ကန်သာ)ကျောင်း (မူအုပ်)ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော အဘ ဦးညွန့်ဝင်း ၈/တတက(နိုင်)၁၂၆၃၀၉ ၏ဖခင် ဦးဖိုးကျော့နှင့် ဦးဘိုးကျော့ ၈/တတက(နိုင်)၁၇၅၉၉၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဖိုးကျော့(ခ)ဦးဘိုးကျော့**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စိတ္တာသုခ အ.ထ.က Grade-8 တွင် ပညာသင်ကြားနေသော မမိုးသဇင်ဝင်း၏ဖခင် ၈/ရစက(နိုင်)၁၂၈၈၅၆ ကိုင်ဆောင်သူ ဦးမျိုးထက်နှင့်ဦးဖိုးထက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမျိုးထက်(ခ)ဦးဖိုးထက်**

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဖားလက်စိုကျေးရွာ၊ အ.ထ.က ဂုံညှင်းတန်းကျောင်း Grade-5 မှ မအေဇင်ဖူးလှိုင်၏ဖခင်အမည်မှန်မှာ ဦးထွေး ၁၄/ဇလန(နိုင်)၁၉၄၃၈၃ ဖြစ်ပါကြောင်း။ **ဦးထွေး**

### ပျောက်ဆုံးကြောင်း

စိုင်းခမ်းနွံ(ဘ)ဦးအိုက်စိုင်း ၁၃/ကတန(နိုင်)၀၂၀၈၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MBA 43563)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အ.ထ.က(၃)ယင်းတော် Grade-12(Bio) မှ မဆောင်းအိန္ဒြာကျော်၏ဖခင် ဦးကျော်သူဝင်းနှင့် ဦးကျော်သူရဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်သူဝင်း(ခ)ဦးကျော်သူရဝင်း**

### ပျောက်ဆုံးကြောင်း

အောင်ကိုကိုသိန်း(ဘ)ဦးအောင်သန်း ၁၂/သဃက(နိုင်)၁၇၃၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၆၁၁၃၆၁၂

### ပျောက်ဆုံးကြောင်း

အာကာဖြိုး(ဘ)ဦးဝင်းနိုင်ဦး ၁၂/ဥကမ(နိုင်)၂၆၃၃၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၉၇၂၂၀၁၈

### ပျောက်ဆုံးကြောင်း

လားလျှန်ဇာ(ဘ)ဦးဗျက်နယ်ဆန်း ၅/ကလထ(နိုင်)၂၁၅၆၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

အောင်တင်ဝင်း(ဘ)ဦးင/ဘဲလေ ၁၁/မပန(နိုင်)၁၀၁၆၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၇၆၃၅၅၁၈

### ပျောက်ဆုံးကြောင်း

စောကဲဒိုထူး(ဘ)ဦးစောဒိုင်းနေ ၁၄/ကကထ(နိုင်)၁၉၀၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

မယ်ဒရမ်(ခ)မရမ်(ဘ)ဦးအီစွတ်(ခ)စံလင်း ၁၂/ကတတ(နိုင်)၀၁၃၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၇၇၂၆၇၆

### ပျောက်ဆုံးကြောင်း

အိအိဖြိုး(ဘ)ဦးစံရီ ၈/မလန(နိုင်)၁၁၇၆၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကူမဲမြို့၊ သာယာအေးလမ်းနေ ဦးမောင်ခန့်(ခ)မောင်ခန့် ၉/မသန(နိုင်)၁၈၃၄၂၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ခန့်(ခ)မောင်ခန့်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့၊ ယန်းလောအုပ်စုနေ အဘ ဦးလော်လဲ၏သား ဦးလော်ချူနှင့် ဦးလော်ချူ ၁၃/ကတန(နိုင်)၁၉၈၇၅၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလော်ချူ(ခ)ဦးလော်ချူ**

### အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စိတ္တာသုခ အ.ထ.က Grade-10 တွင် ပညာသင်ကြားနေသော အဘ ဦးတင့်ဝေ၏သမီး မအိမ့်ချမ်းမြေ့အား ယနေ့မှစ၍ မယဉ်ချမ်းမြေ့အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယဉ်ချမ်းမြေ့အောင်**

## Insolvency law ပုဒ်မ ၁၄၇။(က)(၁)နှင့်(၂)အရ အစုရှင်များ၏ဆန္ဒအလျောက် Phoenix Heart Company Limited အား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၂)ရက်နေ့မှစ၍ Phoenix Heart Company Limited အား လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၁၅၁ အရ တစ်နှစ်အတွင်း အတိုးနှင့်တကွ ပေးချေနိုင်ကြောင်း အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရန် ဦးကျော့မောင်၊ Insolvency Practitioner(MAIP No. 109550) အား Liquidator အဖြစ်ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၇ ခုနှစ်၊ ဇူလိုင်လ(၃)ရက်နေ့ကို နောက်ဆုံးထား၍ Liquidator ထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| DAW SU MYAT THAUNG | U THIHA TIN |
| DIRECTOR | DIRECTOR |
| PHOENIX HEART CO.,LTD. | PHOENIX HEART CO.,LTD. |

### ဖခင်အမည်မှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညို အုပ်စု၊ ကျောင်းစုရပ်နေ မောင်ဖြိုးဇင်အောင် ၉/ဥတသ(နိုင်)၀၁၄၁၃၀ နှင့် မနှင်းဝေထွန်း ၉/ပမန(နိုင်)၂၁၈၆၈၈ တို့၏ဖခင်မှာ ဦးစောကွန်းဖြစ်ပါကြောင်း။ **ဦးစောကွန်း**

### မိခင်အမည်မှန်

လယ်ဝေးမြို့၊ အ.ထ.က(၁) Grade-11 မှ မောင်ပြည့်ဖြိုးအောင်၏ မိခင်အမည်မှန်မှာ ဒေါ်စိုးစိုး ၉/လဝန(နိုင်)၁၃၃၆၂၅ ဖြစ်ပါကြောင်း။

**ဒေါ်စိုးစိုး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အ.ထ.က(၃)ယင်းတော် Grade-6 မှ မောင်ဘုန်းပြည့်စုံကျော်၏ဖခင် ဦးကျော်သူဝင်းနှင့် ဦးကျော်သူရဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်သူဝင်း(ခ)ဦးကျော်သူရဝင်း**

### ပျောက်ဆုံးကြောင်း

ခမ်းစိန်(ဘ)ဦးဝင်းနိုင် ၁/မကတ(နိုင်)၀၆၇၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၅၂၁၄၉၂၂

### ပျောက်ဆုံးကြောင်း

သန်းဇော်ဦး(ဘ)ဦးစိန်သန်း ၁၄/မအန(နိုင်)၂၉၆၀၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၉၀၀၃၅၄

### ပျောက်ဆုံးကြောင်း

ဝင့်ဝါဝါမြင့်(ဘ)ဦးမြင့်စိုး ၁၂/မရက(နိုင်)၁၆၂၂၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၀၆၆၄၆၉၅

### ပျောက်ဆုံးကြောင်း

မောင်ကိုကြည်(ဘ)ဦးကျော်အောင် ၈/နမန(နိုင်)၁၉၅၂၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ဒေါ်တင်ရွှေ(ဘ)ဦးမောင် ၁၀/မလမ(နိုင်)၀၇၀၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 222953)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

ချစ်ကိုကိုဦး(ဘ)ဦးမြင့်ဦး ၁၂/ဒလန(နိုင်)၀၇၄၅၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 961949)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၈၇၀၃၃၇၅

### ပျောက်ဆုံးကြောင်း

ခနအောင်(ဘ)ဦးကျော်စန်းဝင်း ၅/မမတ(နိုင်)၁၂၁၅၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အ.ထ.က(၁)၊ Grade-8၊ အခန်း(B)တွင် ပညာသင်ကြားနေသော မကြယ်စင်ချို၏ဖခင်အမည်မှန်မှာ ၁၄/ဖပန(နိုင်)၀၉၉၈၆၇ ကိုင်ဆောင်သူ ဦးမျိုးမင်းသိမ်းဖြစ်ပါကြောင်း။

**ဦးမျိုးမင်းသိမ်း**

## မိဘအမည်မှန်

အ.ထ.က၊ ကျီးချောင်း၊ ကန်ကြီးထောင့်မြို့နယ်မှ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ G-12 တန်းမှ နန့်မေသက်ခိုင်၏ဖခင် ဦးအောင်သန်းထွေး၏အမည်မှန်မှာ ဦးအောင်ဝင်းဌေး ၁၄/မမန(နိုင်)၂၇၉၅၉၇ နှင့် မိခင်ဒေါ်မေနွယ်စိုး၏အမည်မှန်မှာ ဒေါ်မေနွဲ့စိုး ၁၄/မမန(နိုင်)၂၃၇၃၈၀ ဖြစ်ပါကြောင်း။

**ဦးအောင်ဝင်းဌေး-ဒေါ်မေနွဲ့စိုး**




ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
ပင်ရင်းအရောင်း– ဖုန်း – ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
ပင်ရင်းအရောင်း–ဖုန်း – ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Jong Ho Bom ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်၊ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့်တာဝန်ရှိသူတို့ တက်ရောက်ကြပြီး ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့်အတူ သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၃ ➢



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Jong Ho Bom လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# တပ်မတော်စစ်ကြောင်းများက ကလေး- တမူး လမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ခါမ်းပါတ်မြို့နယ်၊ ကမ္ဘကြီးကျေးရွာအား ထပ်မံသိမ်းပိုက်ရရှိ



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ခါမ်းပါတ်မြို့နယ်၊ ကမ္ဘကြီးကျေးရွာတံတားအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၂

တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးစေရေးတို့အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း စာမျက်နှာ ၂၈ ကော်လံ ၁ ⇨

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ — စာ - ၅ သို့

စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၄/၂၀၂၆ ထုတ်ပြန် — စာ - ၁၄ သို့

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလက်ခံယုံကြည်သည့် KNLA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စာမျက်နှာ ၂၅ ကော်လံ ၁ ▲




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်ထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်ခဲယမ်းများကို လွှဲပြောင်းအပ်နှံစဉ်။

မြန်မာတို့အကြိုက်မျှစ်နှင့် အနာဂတ်မြန်မာ့မျှစ်ကဏ္ဍအလားအလာ — ဆောင်းပါး စာ - ၁၃ သို့

လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးကြေညာခြင်း — စာ - ၂၂ သို့